# လိက်ဒုင်စီရေင်

# တာရ်ပရေင်စိုန်ဒ္ဂာ ကိုအရိုမင်ညးချင်ကွ္ဂာန်

## PROTECTION AND REHABILITATION JOURNEY

# လူ့အခွင့်အရေး ကာကွယ်ခြင်း နှင့်

# လူထုပြန်လည်ထူထောင်ခြင်း... ခရီး

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း၏

STAND Up Project

အကောင်အထည်ဖော်ဆောင်မှု

## အစီရင်ခံစာ

Livelihoods and Food Security Trust Fund

The Border Consortium

HURFOM

MACDO

တၚ်ရ ပရေင်စိုဒ္ဓာကို ရိုဗင်ညးချူင်ကၠာန်

လိက်ဒုင်စီရေင် လေှုင်ကမျှောန် STAND UP Project

နူဌာန်ဒတန်အခေါင်အရာမွိဟ်ချူင်မန် (HURFOM) ဓမံက်ရုပ်ရ်တဲ

နူကို သြန်ဂအုံ The Livelihood and Food Security Trust Fund (LIFT) ကိုလဝ် ရိုဗင်ရောင်။

# ၁။ ဝင်ဒဵု ဗှ်ာန်ဒတန်အခေါင်အရာမ္ဂိုဟ်ချ္ဂင်မန်

ဗှ်ာန်ဒတန်အခေါင်အရာမ္ဂိုဟ်ချ္ဂင်မန် ကော်ခ် ဘာသာအင်္ဂလိက် Human Rights Foundation of Monland (HURFOM)၊ ကော်ခ်ဘာသာဗ္ဒာ 'မွန်ပြည်လူ့ အခွင့်ရေးဖောင်ဒေးရှင်း' ဝွံ၊ ဒက်ပ္တန်လဝ် ပ္ဍဲသက္ကရာဇ် ၁၉၉၅ ပ္ဍဲကဵုဒေသပယျိုမ္ဂဲဒ္ဂာဲ အကြာချ္ဂင်သေံကဵု ချ္ဂင်ဗ္ဒာရ။ အခိင်တော် စဒက်ပ္တန်လဝ် ဗှ်ာန်ဒတန်အခေါင်အရာမ္ဂိုဟ်ချ္ဂင်မန်ဂှ် နကဵုတင်ရန်တ္ၚဲအ် သ္ဂက်ဂွံကပ်ုတင်နင် အခေါင်အရာညးချ္ဂင်က္ဂာန်တံ ဒးဒုင်ဖံက်ပကဝ်လဝ် အခေါင်အရာမ္ဂိုဟ်တံရ။ အဓိက အခိင်တော်ဂှ်တော် အလဵုသီပွ်ာန် - နဝတ (နိုင်ငံ တော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) ဂှ် တ္ၚဟ်နသ္ၚောံသမ္ဂဲပ္တိတ် ပရေင်အုပ်ဓုပ်ဍိုပ်ပ္ဍဲကဵုဒေသ ရးမန်တုဲ သိုင်ခ္ဍံက္ဍုင် ဍာန်က္ဍိုပ္ၚတ်မ္ဂဲတ္ၚုင် န္ဂံဇမ္ပိုင် (၁၁၀) တိုင် ဆက်စ္ဍောံလဝ် နူကဵုချ္ဂင်ရေဝ် စ်ုကဵုစိုပ် ချ္ဂင်ထဝ်ါရ။ အခိင်ဂှ် အလဵုသီပွ်ာန်ဗ္ဒာတအ် စကာညးချ္ဂင်က္ဂာန်တအ် ပွဲအဓမ္မရ။ ညးချ္ဂင်က္ဂာန်တအ် ဒုင်ဒဝ်ဘဲစကာကမ္ဍောန် အဓမ္မဟွံမာန်တုဲ ဂြိပ်ဒ်တိတ်က္ဍုင် နူကဵုချ္ဂင်က္ဂာန်ညးတံအိုတ်ရ။ ရန်တ္ၚဲအ်ကဵု ဂွံကပ်ုကေတ်တင်နင် ဗီုပြင်ညးချ္ဂင်က္ဂာန်တံ ဒးဒိုက် ဒးဒုင်ဖံက်ပကဝ် အခေါင်အရာမ္ဂိုဟ်ကီု၊ သ္ဂက်ဂွံ တြးပတိတ်တင်နင်တအ်ဂမအ် ဂွံစိုပ်အာဂကောံဂ္ၚးကဝ်ကီုတုဲ ဗှ်ာန်ဒတန်အခေါင်အရာမ္ဂိုဟ်ဂမအ် မံက်ဂတဝ်တိုန်ရောင်။

စပ္တံနူကဵု သက္ကရာဇ် (၁၉၉၅)တုဲ၊ ဗှ်ာန်ဒတန်အခေါင်အရာမ္ဂိုဟ်ချ္ဂင်မန် ကံက်က္ဍုင်တင်နင် အခေါင်အရာမ္ဂိုဟ်မကတိုဒ်မံင် ပ္ဍဲကဵုဒေသရးမန်တုဲ ဂွံဆီုဂဗကေတ်ပရေင်ဖံက္ကပ္ၚဝ် အခေါင်အရာမ္ဂိုဟ် ဖ္ဂော်ကဵုဒြပတ် ကတိုဒ်မံင်ရောင်။ ဟိုတ်နူကဵုပ္ဂံင်သ္ၚုဟ်ဓာတ်ယျတဂမာ (ရတနာ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း) တုဲ ညးချ္ဂင်က္ဂာန်ဒးဒုင်စကာ၊ ချ္ဂင်က္ဂာန်ဒးဒုင်ပဆဲုပြိုင်၊ ညးချ္ဂင်က္ဂာန်လ္ဍိုု ဒးဒုင်စောဲစပ် ညးမထံက်ဂလာန်သပုန်တအ်ဂးတုဲ ဒးဒုင်ဂစိုတ်န္ဂံရ။ စိုပ်အခိင် သက္ကရာဇ် (၂၀၀၀) ပြင်၊ လ္ပာ်အဂမံ ပ္ၚန်ဂှ် ဒပ်ပွ်ာန်ဗ္ဒာတံ ဖျေံဒပ်ဗ္ၚတ် (၁၀) တံဒပ် ပ္ဍဲကဵုပ္ဂိုင်ချ္ဂင်ရေဝ်တုဲ က္ၚအ်သ္ဂဝ်ညးချ္ဂင်က္ဂာန်တံ ဒးဒုင်သီ ထောံဖ္ဂော်ကဵုဒြပတ်ရ။ လက္ကရ် ပ္ဍဲကဵုသက္ကရာဇ် (၂၀၀၅) ပ္ၚန်ဂှ် ဍာနူကဵုဒပ်ပွ်ာန်မန်မ္ဂဲ၊ ချိုဒရာင်ဒ္ဂံင်ပ္ဍဲ ဒေသရေဝ်သ္ၚုင်ကျာတုဲ ဒပ်ပွ်ာန်ဗ္ဒာလုပ်လ္ပိုန်ဗပိန်ဂှ် ညးချ္ဂင်က္ဂာန်တံ ဒ်ုဒိုက်ရ။ ညးဗြဲဍောတ်တ်လ္ဍိုုတံ ဒးဒုင်သ္ပကောန်သ္ဘာရ။ အခိင်ကြပ်က္ဍုင် သက္ကရာဇ် (၂၀၁၀) ကဵု လက္ကရ်ဂမံပ္ၚန် သေဋ္ဌီတံလုပ်စိုပ်က္ဍုင် ပ္ဍဲဒေသမန်တုဲ ကရေပ်ဓရတ်သ္ၚာဗ္ဒမန်တံတုဲ ရာန်ကေတ်တိပွဲအဓမ္မတုဲ သိုင်ခ္ဍံက္ဍုင်ရှင်စက် န္ဂံရ။

အပှ်ကိုမ့်ဒမြိပ်ကတိုဒ်ကျုင်သာ်ဏံဂ့် ညးချင်ကွာန်ဒးဒုင်ဘဲ ဟွံမွဲကိုဗဗွဲဓရ်သာ်လိုတံဂှ် နူကို ဌာန်ဒတန်ဏအ် စုတ်သမ္တီလဝ်ရောင်။ တဲုပ္ဍန် တင်နင်တံဂှ် ပလံင်ဗစိုပ်ကို ဂကောံဂ္ဂးကဝ်တဲု ကိုညးတံ ဓရေတ်ကျုင် အလိုသီပ္ဍာန်ဗ္ဒာတံ သွက်ဂွံရှ်ေသော်ကျုင် အခေါင်အရာမ္ဂိဟ်ရ။

## ၂။ ပရေင်စိုဒ်ှာ ညးချင်ကွာန်

အတိုင် မပတိုန်လဝ် ဗွဲလတူတော်ကိုရ၊ ညးချင်ကွာန်ဂကူမန်ပိုတံ အဓိက ပ္ဍဲကိုပွိုင်ချင်ရေဝ်ကို ပွိုင်ချင်ဍာ်ဗုတံဂှ် ဒးဘဲပ္ဍာန်၊ ဒးဘဲဖံက်ပကဝ် အခေါင်အရာမ္ဂိဟ်ဂှိုင်တဲု လ္ဂိုတံဂှ်ဒးဂြိပ်ဒ်တိတ် နူကိုချင် ကွာန်ဇကုတဲု ဒးအာတန်တ်မံင်စံင်အာ ပ္ဍဲဗဒိုပ်ဟံင်ပြာ် ဇိုင်ပယျိုတော်အိုတ်ရ။ ကွာန်ညးဒ္ှာဲဝါလို ပ္ဍဲကိုတိဍာ် ဗော်ချင်မန်တိုလေဝ် နွံတ်ဗွဲမဂှိုင်ရောင်။ ပ္ဍဲသက္ကရာဇ် (၂၀၁၂) ဂှ် အခေါင်အရာဒီမဝ်ကရေဖြီ ပံက်တိုန်ညိညတဲု အလိုအသီသမတဉူတိင်သိင် ကော်ဘိက်ကျုင် ဗော်ချင်မန်တိုကို ဗော်သွးအလုံ ဂကူကရေင် (ကေအေန်ယူ) တအ်တဲု သွက်ဂွံထွက်စုတ်တဲ ဒေါအ်ပန်ပ္ဍောကဆံင်တ္ဂိုရးရ။ ဟိုတ်ဂှ်ရ ဗော်ချင်မန်တိုကို ကေအေန်ယူကို၊ တုပ်စိုတ်ထွက်စုတ်တဲ ဒေါအ်ပန်ပ္ဍောကဆံင်တ္ဂိုရးတဲု ချင်ကွာန်ဂှ် သ္ဂိုတ်ဖြညိင်ဝတ်ကျုင်ရ။ ဟိုတ်ဂှ်ရ ညးချင်ကွာန်ဂကူမန်၊ ဂကူကရေင် ညးဟွံဂံင်မံင်ပ္ဍဲကွာန်၊ ဂြိပ်ဒ် ပြးဇးမံင်တံ စ်ကျုင်ကွာန်သိုက်က်ရ။

အခိင်တော်တေံ ဟိုတ်နူကိုဒ်မံင်ပဋိပက္ခပ္ဍာန် ဇ္ဂေါ်ကိုဒြပတ်တဲု သွက်ဂွံကလေင်ပ္တန်ချင် ကွာန်ကို၊ သွက်ဂွံကျောန်အာ ပရေင်ဖောအ်ပြေဝ် ပ္ဍဲချင်ကွာန်ကို၊ အခေါင်အရာ ဟွံမွဲသက်က်ရောင်။ ကာလ ဗော်ရပ်လွဟ် ကောန်ချင်အရေင် (၂) ဗော်ဏံ ထွက်စုတ်တဲတဲုဒ်အာဂှ်မှ အကာဲအရာချင်ကွာန် ဒ္ဂေံစိုဟ်ဩိုဟ်တိုန်တဲု အကာဲအရာပရေင်ဖံက်ပ္ကဝ်အခေါင်အရာမ္ဂိဟ်ဂှ် ဒ္ဂေံအောန်စ်ေရ။ ရန်တ္ဂအ်ကို သွက်ဂွံစိုဒ်ှာအာ ညးချင်ကွာန်တံကို၊ နကိုညးတံ ဂွံတန်တ်မံင်စံင်အာပ္ဍဲချင်ကွာန် ဗွဲမစိုဟ်ဩိုဟ်၊ နွံကို ဩန်လုပ်တဲု မ္ဂံုကိုကမ္ဂောန်၊ မ္ဂံုကိုတိဍာ်ကျအ်သွဝ် ချိုတ်တ်ပ္ဂိုတ်တ်မာန်ဂှ် ဌာန်ဒတန်အခေါင်အရာ မ္ဂိဟ်ချင်မန် လုပ်ကိုအရှိအဗင်ပ္ဍန်ရ။

ပ္ဍဲကိုဒေသပွိုင်ချင်ရေဝ်ကို ပွိုင်ချင်ဍာ်ဗုဂှ်မ္ဂး ကေင်ဒးလဝ်ပရေင်ဖံက်ပ္ကဝ် အခေါင်အရာမ္ဂိဟ် ဂှိုင်အိုတ်တဲု နကိုဌာန်ဒတန်အခေါင်အရာမ္ဂိဟ်ချင်မန် ရဲစ်ကေတ်ပွိုင်ချင်တံဏံ သွက်ဂွံပိုင်ကိုအရှိဗင် စပ်ကိုပရေင်ကလေင်ဒက်ပ္တန်ချင်ကွာန်ညးတံကို ပရေင်ဂယိုင်လမျိညးတံကိုရ။ ပ္ဍဲအရာကိုအရှိဗင်ဂှ် အဓိက ဒးဆိုဂဗကို ပရောတိဍာ်နွံကိုရ။ အဓိက သွက်ဂွံက္လောင်ပတန်ဘဝညးတအ်ဂှ် တိဂှ်ပိုက်ဇ္ဂေါ်ရ၊

ဟိုတ်ဂ့်ရ နကို ဌာန်ဒတန်အခေါ်င်အရာမွိဟ်ချ့င်မန် ဗိုင်အရှိဗင်ကို သွက်ပရေင်ဂိုကျိုတိဍ်ရ။ ပရော ပရာတိဍ်ချိုတ်ပို့တ်တဲ့ဒ်အာတဲ့မ္ဂး စပ်ကိုပရေင်တိုလ္ဂီ ကော့ံ ပရေင်ဂယိုင်လမျိုတံဂ့် ဆက်တဲ့ကျှာန် စိုတ် အာ ဂွံရောင်။

## ၃။ လေ့င်ကမျှာန် STAND UP Project

လေ့င်ကမျှာန် STAND UP Project ဂ့် ဒ်ေကျ့င်နူကို မအရေဝ်အင်္ဂလိက် "Sustainable Transformation for Agriculture, Nutrition and Development in Uplands Project" ရောင်တဲ့ ယဝ်ရကျှဲဘာသာမန်မ္ဂး "လေ့င်ကမျှာန် ပရေင်ပြိုင်သ္ဂှဲတန်တ်ဍ်ဇမ္ပိုင် လေ့င်ကမျှာန်တိုလ္ဂီ၊ ဖွော့ံ မအာဟာရ ကော့ံ ပရေင်ဖောအ်ပြေဝ် လတူဒ္ဂိ" ရောင်ဟိုစရ။ လေ့င်ကမျှာန်ဏံဂ့် နူကိုဂကော့ံ NGO မွဲ The Border Consortium (TBC) သွက်ဍုပ်တဲ့ ပကော့ံလဝ်ဒြဟတ်မဟာဇန်ကောန်ချ့င်အရင် ဂကူ မန် ကော့ံ ဂကူကရေင်တံတဲ့ နကိုဌာန်ဒတန်အခေါ်င်အရာမွိဟ်ချ့င်မန် ကေတ်တာလျိုင် သွက်ဂွံ ခမံက်အာရပ်ရ် လေ့င်ကမျှာန်ဏံ ပွဲ့ကိုတိဍ်မန်ရောင်။

လေ့င်ကမျှာန်ဏံဂ့် ဒ်မံင်လေ့င်ကမျှာန်ဖျော်ဖျော်မွဲတဲ့ အဓိက စွံလဝ်တိုင်က္ဂ သွက်ဂွံဒတဲ့ဖို ညးချ့င်ကွာန်ကောန်ချ့င်အရေင် သေ္ဂှဲခြာနူကိုချ့င်ဖျော်တံတဲ့ သွက်ဂွံကိုအရှိအဗင် ညးချ့င်ကွာန်ပွဲ့ကို (၄၀) ပွိုင်တိုက်၊ ပါလုပ် (၃၀၀) ကွာန်ပြင်င်၊ ပွဲ့ကိုပွိုင် (၁၀) ချ့င်တဲ့ ညးချ့င်ကွာန်လ္ပိုဟ်ဖအိုတ် ဗွတ် (၆၀၀၀၀) တ္ဂ ဂွံဒ်ဂုန်ဖိုဂ့် ရန်တ္ဂအ်လဝ်ရ။

### ပွဲ့ကို တင်ရန်တ္ဂအ်ဖျော်ဖျော် လေ့င်ကမျှာန်ဏံ နွံ (၃) သာ် အတိုင်ဗွဲသ္ဂဝ်ရ။

(က) ဒုင်သဇိုင်ကို အခေါ်င်အရာမွိဟ် ညးချ့င်ကွာန်တံတဲ့ သွက်ဂွံရေင်တ္ဂျင် ပရေင်ဖန်ဇန် ကောပ်ကာဲ သယံဇာတ ကော့ံ သ္ဂျင်ဍ်ဒကေဝ် အရာပရေင်တိုလ္ဂီရောင်။

(ခ) ဍ်သုင် ဍ်စကာ သအးဇ္ဂး၊ ပရေင်ထတ်ယုက် ကော့ံ စွအာဟာရ သွက်ညးချ့င်ကွာန် သေ္ဂှံဍိုက်ပေင်အာ ကျှာန်စိုတ်အာရောင်။

(ဂ) သွက်ဂွံသ္ဂျင်ပတိုန် ဍ်ဒကေဝ် အရာဖန်က်ပြုပြေင်ကမျှာန်ကို၊ ညးဗြဲတံ သွက်ဂွံပါလုပ် ပွဲ့ကမျှာန်ကို ပတဝ်ကျိုပ်ကျှာန်အာရောင်။

ဒုင်သဖိုင် လတူတင်ရန်တဲ့အ်တံတဲ့ နဌာန်ဒတန်အခေါင်အရာမွိဟ်ချင်မန် ရဲစ့်ကေတ်ဒေသ (၂) ဒေသဂ့်တဲ့ ခမံက်ရုပ်ရ်ရကမွော်နရ်။ တိဉာ်ဝွံ ပါလုပ်ဒွံင်ပွဲအရာပြုပြေင်သယံဇာတရောင်တဲ့ ဒးပိုင် အရှိဗင်သောင်ကလးကို ပရောဝွံကျာရ်။ ပရောတိဉာ်တံ သောင်ကလးညးသကအ် ချိုတ်တ်ပို့တ်တ် တဲ့မှ စပ်ကိုပရေင်တွှဟ်ဟ်တံဂ့် ဆက်ကိုအာအရှိဗင်ရ်။ အယော ဌာန်ဒတန်အခေါင်အရာမွိဟ်ချင်မန်၊ ကျော်နစိုတ်ကိုလိက်တွး ဒုင်လျိုင်တိဉာ်တဲ့ မွဲအခိုင်ခဝ်ဆက်တဲ့ ရေင်တျုင်ကိုတန်ဗွောန် ပရေင်တိုလွှီ ဂမွိုင်ရ်။

## ၄။ ခမံက်ရုပ်ရ် လှေ့င်ကမွော်န်

အတိုင်လှေ့င်ကမွော်န် မဖျေ့လဝ်မွဂး ပွဲကိုပွိုင်ချင်ရေဝ်ကို ပွိုင်ချင်ဉာ်ဗုဂ့် ရန်လဝ်သွက်ဂွံခမံက် အာရုပ်ရ်ရဂ့် ရဲစ့်လဝ်ပွိုင်တိုက် (၆) ပွိုင်တိုက်တဲ့ ရဲစ့်လဝ်ဒွှဲကွာန်မန်တံ နွံဂို့င်ဂ့်ရ်။ လှေ့င်ကမွော်န်ဏံဝွံ သွက်ဂွံခမံက်အာ ပရေင်ကမွော်န်ဂ့် ဖျေ့လဝ်အခိုင် ပွိုင် (၂) သ္ဂွံရောင်ဒှ်တဲ့၊ စပ္တံနူ ဂိတုဂျောန် သ္ဂွံ (၂၀၁၇) ဂ့် စခမံက်အာရုပ်ရ်ရတဲ့ အခိုင်ဂိတုဂျောန် (၂၀၁၉) မွဂး တဲ့ဒှ်ရောင်။

ပွဲကိုသ္ဂွံပထမ လဒေါဝ်သ္ဂွံ (၂၀၁၇)၊ စိုကိုလဒေါဝ်သ္ဂွံ (၂၀၁၈) ဂ့် ခမံက်ရုပ်ရ် (၃) ပွိုင်တိုက် အတိုင်ဗွဲသ္ဂဝ်ရ်။

(၁)　ပွိုင်တိုက် ဉာ်တူ (ပွိုင်ချင်ဉာ်ဗု)

(၂)　ပွိုင်တိုက် ကွာန်ဘာ (ပွိုင်ချင်ရေဝ်)

(၃)　ပွိုင်တိုက် အရတ္တံင် (ပွိုင်ချင်ရေဝ်)

ပွဲကို သ္ဂွံဒုတိယဏံ နူကိုဂိတုဂျူလာင် သ္ဂွံ (၂၀၁၈)၊ စိုကို ဂိတုဂျောန် (၂၀၁၉) ဂ့် ဆက်တဲ့ ခမံက်အာရုပ်ရ် ပိပွိုင်တိုက်ပ္ဂန်ရ်။ ပွိုင်တိုက်တအ်ဝွံ -

(၄)　ပွိုင်တိုက် ကအ်ကွေ့ (ပွိုင်ချင်ရေဝ်)

(၅)　ပွိုင်တိုက် နေဟ်ဇုက် (ပွိုင်ချင်ရေဝ်)

(၆)　ပွိုင်တိုက် သွေ့ဟ်ကရေင် (ပွိုင်ချင်ရေဝ်) တံ ပါလုပ်ရ်။

ကာလ ခမံက်ရပ်ရ်ကမျှောန်ဝွံ့ ပွဲ့ပွိုင်တိုက်မွဲမွဲဂ့် နူကိုကောန်ဂကော်ံပို လုပ်အာဇ္ဇာပ်ကွာန်တဲ့ ခမံက်ရပ်ရ်ကမျှောန် ဟွံမာန်ရောင်။ တန်တ်လတူ ညးချူင်ကွာန်တံ နွံပိုက်၊ ပရေင်ပံင်တောဲ ပါလုပ်ညး တံတဲ့ ကျောန်စိုတ်အာဂ့် ဂှိုင်ရ။ ပရေင်ကမျှောန်တံဂှ် အတိုင်ဗွဲသုဝ်ဝွံရ။

## (က) ကိုပညာပရူပိုင်ပြီုတိဍုာ်

အတိုင်မပတိုန်ထွ္ဓးလဝ် ဗွဲလတူတော်ံကိုရ၊ ကိုပ်ကျာအိုတ် ကောန်ဂကော်ံ ဌာန်ဒတန်အခေါင် အရာမွိဟ်တံဂှ် စော်အာအကြာညးချူင်ကွာန်တံတဲ့ အဓိက သောင်ကလးကိုညးတံ စပ်ကိုပိုင်ပြိုတိဂူ ဝါဗ္ဗုတံရ။ အတိုင်ညးချူင်ကွာန်တံ ညာတ်ကေတ်လဝ်မွး ညးတံကျောန်စိုတ် ရပ်စပ်စကာကျုင်တိဍုာ် ညးတံ အတိုင်အခိုက်ကွာညးတံရောင်ဂးတဲ့ မုလေဝ်အန္တရာဲဟွံမွဲရောင် ခယျကေတ်ရ။ ဆဂး နူကို လွံဟ်ဂကော်ံပို ကလေင်ကလးကုညးတံဂှ် ကြံနူကိုဒေါအ်ပန်ပ္ဍောတဲ့ ချူင်ကွာန်စိုဟ်သြိုဟ်တဲ့ဂှ် ကွဲုတံ သွက်ဂွံစိုပ်ဒေသပို သီကေတ်တိဍုာ်ပိုန္ဓမာန်ရောင် သွက်ဂွံစွံသတိရ။

## (ခ) တန်ဗတောန်ဥပဒေတိဍုာ်ကွ္ဍအ်သွဝ်

ပွဲ့သွ္ဂာံ (၂၀၁၂) ဂှ်ရ အလိုအသီ သမတဥုတိင်သိင်တံ ပတိတ်ကျုင်သ္ဂောဝ်ဥပဒေ ဆေင်စပ်ကို တိဍုာ်တဲ့ ဒုင်လဝ်သဖိုင်ကို သ္ဂောတ်ဝ်ဒက်ပတန်ချူင် (၂၀၀၈) တော်ံရောင် သွက်ညးချူင်ကွာန်တအ်ဂှ် စိုတ်ဒးလိင်စသက်က်ရ။ မွဲလွံဟ်ပ္ဍန် ပွဲ့ကိုဒေသဗွဲမဂှိုင်တအ်ဂှ် လုပ်နွံမံင်ပွဲ့ကိုတိဍုာ်ဗော်ချူင်မန်တိုဂ်ကို တိဍုာ်ကေအေန်ယူတအ်ကိုတဲ့ စပ်ကိုသ္ဂောဝ်တိဍုာ် ဂကော်ံရပ်လွဟ်တအ်လေဝ် လ်ထွ္ဓးကိုရ။ သ္ဂောဝ် ဂကော်ံရပ်လွဟ်တအ်ဂှ် ဒုင်လဝ်သဖိုင်ကို အခိုက်ကွာကောန်ချူင်အရေင်တံတဲ့ ကိတ်ညီကိုဘဝ ညးတအ်ရောင်။

## (ဂ) ကျောန်လိက်ပိုင်ပြိုတိ

အတိုင်ပတိုန်ထွ္ဓး ဗွဲလတူတော်ံရ၊ ကာလကောန်ဂကော်ံ ဌာန်ဒတန်အခေါင်အရာမွိဟ်ချူင်မန် သောင်ကလးကို ဗိုပြင်သ္ဂောဝ်တဲ့ဒ္ဓအာတဲ့ ညးချူင်ကွာန်သ္ဂာဂူ၊ သ္ဂာဗ္ဗ ညးမပိုင်ပြိုတိတအ် သဴလို မိက်သ္ဂေံကျောန်ဂှ် ဆဝ်မ္ဍုဟ်ရ။ ကာလဂှ်မွး ညးချူင်ကွာန်နွံဒ္ဓုင်သုဝ်တဲ အလိုအသီ (၀၊) ကြပ်မံင်ကို အလိုသီတအ်ဂှ် ညးတံမိက်ဂွံကျောန်စိုတ် လိက်တွးနူအလိုအသီ (ပုံစံ - ၇) ရ။ ဆဂး ညးချူင်ကွာန်နွံမံင် ပွဲ့သုဝ်တဲဂကော်ံရပ်လွဟ်မန် (၀၊) ကရေင်တံဂှ် ညးတံကေတ်နင်တွးလိက် နူကိုဂကော်ံရပ်လွဟ်တံရ။

ဖော်သွးကေအေန်ယူဂ့် ညးတအ်ပတိတ်လဝ် မူဝါဒတိဉ် (ကေအေန်ယူ မြေယာမူဝါဒ) တဲ့ သ္ဘာဗ္ဍ၊ သ္ဘာဂူ သ္ဘာက္ဘအ်နွံမံင် ပွ်ဲကိုတိဉ်ညးတအ်ဂှ် ဂကူမန်ဒှ်ဒှ် ဂကူကရေင်ဒှ်ဒှ် ညးတံဟွံရဲုဂကူတဲ့ ပ္တိတ်ကို လိက်ညးတအ်နွံတဲ့ ဌာန်ဒတန်အခေါင်အရာမွဲဟ်ဍုင်မန် ဒးဗိုင်ကိုအရီဗင် နွံမံင်ကိုရ။

## (ဃ) တန်ဗတောန် ပရေင်တိုလ္ဂိ

ညးဍုင်ကွာန် ပွ်ဲကိုဒေသတံဂှ်တော် ဗ္ဒတ် (၉၀%) တ္ၚအ်ကၠုပြင်င်တံဂှ် ညးတံဒှ်မံင်သ္ဘာဂူ သ္ဘာဗ္ဍ သ္ဘာက္ဘအ်တအ်တဲ့ ဘဝညးတအ်ဂှ် ဒးလုက်စုက်မံင်ကို ပရေင်တိုလ္ဂိရောင်။ ဆဂး ပွ်ဲပရေင်တိုလ္ဂိဂှ်တော် ညးတံ ဆိုဂဗကိုပရေင်အခက်အခဲ ပွ်ဲမဂှ်ုင်ရောင်။ ပွ်ဲကိုတွံဩောံ၊ တွံသစ္ဍုသတ်ဒုန်တံဂှ် ဒးစုလေဝ်နွံတဲ့ သစ္ဍုသတ်ဒုန်တံ သတ်ဟွံခိုဟ်လေဝ်နွံရ။ တဲ့ပ္ဍန် သွက်သ္ဘာဗ္ဍတံဂှ် သွက်ဂွံရာန်ဝါတံလေဝ် ဒှ်အခက် အခဲကိုရ။ ပွ်ဲကိုအကာဲအရာဂၞံ နူကိုဂကောံဖောအ်ပြေဝ် ဒေသရးမန် (ဂကောံမဂဒူ) ဂှ် နွံပရေင်ဆိုဂဗ ကိုတန်ဗတောန်တိုလ္ဂိနွံတဲ့ ကိုကျုင်တန်ဗတောန်ပရေင်တိုလ္ဂိဂှ်ုင်ကိုသာ် သွက်ညးဍုင်ကွာန်တအ်ရ။

## (င) ဌာန်ဒတန်ပရေင်တိုလ္ဂိ

ပွ်ဲကိုကွာန် (မိုင်-၆၀) ဂှ် နူကို ဂကောံမဂဒူ ပတန်လဝ် ဌာန်ဒတန်တိုလ္ဂိ နွံမံင်မွဲဒ္ဓာဲတဲ့ နကို လှေင်ကမ္ဘောန် (STAND UP Project) ဂၞအ်၊ ဆက်တဲ့ထံက်ပင်၊ ဗ္လေင်ပလေဝ်တ်ပတိုန် ဌာန်ဒတန် ပရေင်တိုလ္ဂိ သွက်ညးဍုင်ကွာန်ရ။ နူကို ဌာန်ဒတန်ပရေင်တိုလ္ဂိဂၞံ ကိုမတွံဆု ကုညးဍုင်ကွာန်တံရ။ တဲ့ပ္ဍန် ပွ်ဲကိုဌာန်ဒတန်ဂၞံ ဖန်ဗဒှ်ကိုတန်ဗတောန်တိုလ္ဂိတဲ့ ညးဍုင်ကွာန်တအ် ဂွံအခေါင်ကတတ်လ္ဂတ် ပရေင်တိုလ္ဂိရ။

## (စ) တန်ဗတောန် ပတိတ်ကပေါတ် လုပ်ဗွဝ်ဖျာ

ပွ်ဲဒေသပ္ဂိုင်ဍုင်ရေဝ်ဝွံ သစ္ဍုသတ်ဒုန်တအ် ဂှ်ုင်တ်ပွဲမလောန်ရ။ အခိင်ကသီမွး သစ္ဍုတအ် ပြဟ်ဒတုံမံင်တဲ့ ဆောံလေင်ဂှ်ုင်ရ။ နကိုတင်ရန်တ္ၚအ် ညးဍုင်ကွာန်ဒေသဂၞအ် စကာသစ္ဍုသတ်ဒုန် တိတ်မံင်နူကိုညးတအ်တဲ့ ဗ္တောန်ကိုနဲကဲက္ဘောန်ဍုဟ်သစ္ဍု၊ နဲကဲက္ဘောန်ယိုဟ် သွက်ညးပြုတံ (သ္ဂေံဂွံ ကမ္ဘောန်) ရ။ ယဝ်ရ ညးဒေသတအ် က္ဘောန်ပတိတ်ကပေါတ်မွဲမွဲသာ်လေပ်မွး သွက်သ္ဂိဌာန်ညးတံဂှ် ဩန်လုပ်ကျုင်ရောင်။

### (ဆ) ဂြိုပ်ဆု ညးချူင်ကွာန်

အယော ဌာန်ဒတန်အခေါင်အရာမ္ဂိုဟ်ချူင်မန်စိုပ်အာ ပွ်ုကိုဒေသဍာ်ဗုဂ် ဂွံဆိုကေတ်ညးချူင်ကွာန်ဗွဲမဂှိုင်တအ်ဂစာန်ထိုင်ဒဝ်မင်မွဲဒှ်ုင်ဂြိုပ်ဆု ပွ်ုကိုဖိုင်ဝုတ်ဒိုဟ်ပ္ဍိပ္ဍုကွာန်ညးတအ်ဂှ် ဂွံဆိုကေတ်ရ။ အယောတက်ကျာကုညးချူင်ကွာန်ဂှ် ညးတံနွံမံင်ပို်က်သွက်ဂွံဆက်ထိုင်ဒဝ် သမွဲပတိတ်ဂြိုပ်ဆုတံဂှ်တုဲ နူကိုလေ္ၚင်ကမျှောန်ပိုတံ ကိုကျုင်အရီုဗင်ရ။ မွဲအခိင်ခဝ် ပွ်ုကိုဒေသပ္ဍိုင်ချူင်ရေဝ်လေဝ် ညးချူင်ကွာန်လ္ဍိုမိက်ဂွံထိုင်ဒဝ်မင်မွဲအာဂြိုပ်ဆုရောင်တုဲ ကိုကျုင်အရီုဗင်ရ။ ပရေင်ထိုင်ဒဝ်ဂြိုပ်ဆုဂှ် ဖန်ဗဒ်ကိုဂုဏ်ဖိုသွက်ညးချူင်ကွာန်တံ ဗွဲမဂှိုင်ရောင်။

### (ဇ) တန်ဗတောန်ထိုင်ဒဝ် ပ္ဍိပ္ဍုသဘာဝ

အခိင်ညးချူင်ကွာန်တအ် ဒှ်ဒဝိင်ကိုတိဍာ်ဝါဗ္ဒုကျအ်သွဝ်ညးတအ် သိုကိုဂြိုပ်ဆုညးတံဂှ် နကိုဌာန်ဒတန်အခေါင်အရာမ္ဂိုဟ်ချူင်မန်၊ ဂွံအခေါင်သောင်ကလးကုညးချူင်ကွာန်တအ် သွက်ဂွံမင်မွဲအာပ္ဍိပ္ဍုသဘာဝတအ်ရ။ သွက်ဂွံထိုင်ဒဝ်အာတိဍာ်၊ စိုကြုင် ကော်ံ ဂြိုပ်ဆုတအ်မ္ဂး ပွ်ုကိုချူင်ကွာန်ဂှ် ဥတုရာသီခဝ်ယာကျုင်တုဲ သတ်ဍုသတ်ဒုန်၊ စွစသုင်တံ အိုဟ်တိုဟ်ကျုင်ရောင်။ ဍာ်ကြုင်၊ ဍာ်စိုတအ်လေဝ်နွံဂှိုင်ပေင်ကိုဟ်တုဲ ဒှ်အထံက်ပင်ကို ပရေင်တိုလ္ဂိ ညးချူင်ကွာန်တအ်ရောင်။

## ၄။ နိဂုံ

နကို ဂကောံဌာန်ဒတန်အခေါင်အရာမ္ဂိုဟ်ချူင်မန်၊ ဂွံအခေါင် လုပ်ဗိုင်ရီုဗင်ကို ညးဒေသတအ်သွက်ဂွံဂ္ဂေၚ်ပတန်ချူင်ကွာန်ညးတအ်၊ ဝါဗ္ဒုကျအ်သွဝ်ညးတအ်တုဲ မင်မွဲထိုင်ဒဝ်ပ္ဍိပ္ဍုသဘာဝညးတအ်သွက်ဂွံတန်တ်အာဍာ်ဇမ္ဂိုင်ရ။ ညးချူင်ကွာန်တအ် ဒးဒုင်ကျုင်ဘဲဒဏ်ပ္ဍာန်ဂှ် လအ်တ်သ္ဍံကိုစော်ရ။ အခိင်လ္ပုဟ် အယောဒှ်အခိင်ချူင်ကွာန် စိုဟ်ဩိုဟ်ညိညဂှ် အခေါင်အရာမ္ဂိုဟ်ညးချူင်ကွာန်တအ် ထေက်ကိုမ္ဒးသ္ဂုင်ပတိုန်ရောင် ညာတ်ကေတ်ကိုရ။

# မာတိကာ


အခန်း (၁) နိဒါန်း ၁

အခန်း (၂) မြန်မာနိုင်ငံတောင်ပိုင်း၏ ပဋိပက္ခသမိုင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ၃

အခန်း (၃) စီမံကိန်းများ

(၃- က) STAND UP စီမံကိန်း ၅

(၃ - ခ) LIFT ရန်ပုံငွေအဖွဲ့ စီမံကိန်း ၇

အခန်း (၄) စီမံကိန်းဒေသများ ၈

အခန်း (၅) စီမံကိန်းလုပ်ငန်းများ

(၅ - က) မြေယာအခွင့်အရေး (Land Right) ဆိုင်ရာလုပ်ငန်းများ ၁၀

(၅ - ခ) မြေယာဆိုင်ရာ သင်တန်းများ ၁၁

(၅ - ဂ) မြေယာပိုင်ဆိုင်မှု လက်မှတ်များ ၁၃

(၅ - ဃ) စိုက်ပျိုးရေးအသိပညာပေး သင်တန်းများ ၁၆

(၅ - င) မိုင် (၆၀) စိုက်ပျိုးရေးခြံ ၁၈

(၅ - စ) စိုက်ပျိုးရေး လေ့လာရေးခရီး ၁၉

(၅ - ဆ) တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ခြင်း ၂၀

(၅- ဇ) ကျေးရွာပိုင်သစ်တော ထိန်းသိမ်းခြင်း ၂၁

(၅ - ဈ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း ၂၆

(၅ - ည) ရေထိန်းတံခါး တည်ဆောက်ခြင်း ၂၈

အခန်း (၆) စီမံကိန်း၏ ရလာဒ်နှင့် သုံးသပ်ချက်များ ၂၉

အခန်း (၇) အကြံပြုချက်များ ၃၁

အခန်း (၈) နိဂုံးချုပ် ၃၃

# အခန်း (၁)

## နိဒါန်း

မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းကို တပ်မတော်အစိုးရဖြစ်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် (၁၉၉၅) ခုနှစ်တွင် တည်ထောင်ခဲ့သည်။ (၁၉၉၅) ခုနှစ်တွင် တပ်မတော်အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ထိုးစစ်ဆင်နိုင်ရန်အတွက် တပ်စခန်းများ တိုးချဲ့တည်ဆောက်ရေး၊ နယ်မြေဒေသစိုးမိုးရေးတို့အတွက် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းကို ဆက်သွယ်သည့် မိုင် (၁၁၀) ရှည်လျားသော ရေး-ထားဝယ် မီးရထားလမ်းကို ဒေသခံပြည်သူများဖြစ်သည့် မွန်၊ ကရင်နှင့် ထားဝယ်လူမျိုးတို့၏ လုပ်အားကို အတင်းအဓမ္မ ရယူအသုံးချကာ တည်ဆောက်ခဲ့သည်။ အဓမ္မလုပ်အားပေးစေခိုင်းမှုကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူထောင်ပေါင်းများစွာ မိမိတို့ရပ်ရွာကို စွန့်ခွာကာ ထိုင်းနိုင်ငံနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ထိုထောင်ပေါင်းများစွာသော တိုင်းရင်းသားတို့၏ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု သတင်းအချက်အလက်များကို နိုင်ငံတကာသို့ တင်ပြနိုင်ရန်အတွက် မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းကို ထိုင်း-မြန်မာနယ်စပ်တစ်နေရာတွင် လူထုအခြေပြုအဖွဲ့အစည်း (Civil Society Organization) တစ်ခုအနေဖြင့် (၁၉၉၅) ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။

စတင်ဖွဲ့စည်းသည့်အချိန်မှစ၍မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းသည် အဓမ္မလုပ်အားပေး ဆိုင်ရာ လူ့အခွင့်အရေး သတင်းအချက်အလက်များအပြင် အခြားသောလူ့အခွင့်ရေးချိုးဖောက်မှုများ ဖြစ်သည့် မတရားသတ်ဖြတ်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ အဓမ္မရွှေ့ပြောင်းမှု၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးမှု၊ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှုစသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းပြုစုကာ မြန်မာ နိုင်ငံ၏ လူ့အခွင့်အရေးကိုအခြေအနေကို နိုင်ငံတကာသို့ တင်ပြခဲ့သည်။

(၂၀၁၀) ခုနှစ်တွင် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီး အထွေထွေရွေးကောက်ပွဲ တစ်ရပ် ကျင်းပခဲ့သည်။ တိုင်းရင်းသားပါတီတစ်ချို့မှတစ်ပါး အခြားအင်အားကြီးအတိုက်အခံ နိုင်ငံရေးပါတီ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိသည့်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ပြည်ခိုင်ဖြိုးပါတီ) က အဆိုပါရွေးကောက်ပွဲကို မဲအများစုဖြင့် အောင်နိုင်ခဲ့သည်။ ပြည်ခိုင်ဖြိုး ပါတီဝင်ဖြစ်သော သမ္မတဦးသိန်းစိန် အာဏာရလာပြီးနောက် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအချို့ကို လုပ်ဆောင်ခဲ့သည်။ လူထုအခြေပြုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအပေါ် ထားရှိခဲ့သော တင်းကြပ်မှုများကို အထိုက်အလျောက် ဖြေလျှော့ခဲ့သည့်အတွက် မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းက မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ကာ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။

မြန်မာနိုင်ငံတောင်ပိုင်း ရေးနှင့်ရေဖြူမြို့နယ်များသည် ပြည်တွင်းစစ်ပဋိပက္ခနှင့် လူ့အခွင့်ရေး ချိုးဖောက်မှုဒဏ်ကို အများဆုံးခံစားရသည့် မွန်၊ ကရင်နှင့် ထားဝယ်တိုင်းရင်းသားလူမျိုးတို့၏ နေထိုင်ရာဒေသဖြစ်သည်။ ကေထောင် ပေါင်းများစွာသော လယ်ယာမြေများ သိမ်းဆည်းခံရခြင်း၊ အဓမ္မလုပ်အားပေး စေခိုင်းခံရခြင်းနှင့် တရားမဝင်အသင်းအဖွဲ့နှင့်ဆက်သွယ်မှုဟု အကြောင်းပြကာ မတရားညှင်းပန်းနှိပ်စက်ခံရခြင်းတို့ကို နေ့စဉ်နှင့်အမျှ ကြုံတွေ့ခံစားခဲ့ရသူများ ဖြစ်သည်။ ထို့ကြောင့် ဒေသခံပြည်သူများမှာ မိမိတို့ နေရပ်ဇာတိမှ မလွှဲမရှောင်သာထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

(၂၀၁၂) ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (Ethnic Armed Organizations – EAOs) ကြီး နှစ်ဖွဲ့ဖြစ်သည့် မွန်ပြည်သစ်ပါတီ (New Mon State Party – NMSP) နှင့်ကရင်အမျိုးသားအစည်းအရုံး (Karen National Union – KNU) တို့က ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ အပစ်အခတ်ရပ်စဲရေး နောက်ပိုင်းတွင် ဒေသအဆင့်ငြိမ်းချမ်းရေး အထိုက်အလျောက်ရရှိကာ အခြေအနေတည်ငြိမ်စပြုလာသည်။ မိမိတို့ရပ်ရွာကို စွန့်ခွာခဲ့သည့် ပြည်တွင်းနေရပ်စွန့်ခွာသူများ (Internally Displaced Persons – IDPs) ကလည်း ၎င်းတို့၏ မူလရပ်ရွာသို့ တဖြည်းဖြည်းနှင့် ပြန်လာခဲ့ကြသည်။ ယခင်က အခြေအနေမတည်ငြိမ်ခဲ့သည့်ရပ်ရွာများတွင် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ခြင်း၊ စိုက်ခင်းယာခင်းများ ပြန်လည်ဖော်ထုတ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ ပြန်လည်တည်ဆောက်ခြင်းစသည့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်လာခဲ့ကြသည်။

ပဋိပက္ခကာလတစ်လျှောက်တွင် အရင်းအမြစ်များကို လက်လွှတ်စပယ်ဖျက်စီးခဲ့သဖြင့် ပဋိပက္ခလျော့နည်းလာပြီး၊ နောက်ပိုင်း ပြန်လည်ထူထောင်လုပ်ငန်းများကို လုပ်ကိုင်ရာတွင် လိုအပ်မှုများစွာ ရှိနေသည်။ တစ်ချိန်တည်းမှာပင် ဒေသခံပြည်သူတို့ကို စွမ်းရည်မြှင့်တင်ပေးရန်လည်း လိုအပ်နေသည်။ ဤအခြေအနေတွင် မွန်ပြည်လူ့အခွင့်ရေးဖောင်ရှင်းနှင့် အခြားလူထုအခြေပြု အဖွဲ့အစည်းများက ဒေသခံပြည်သူလူထုများ၏ ဘဝပြန်လည်ထူထောင်ရေးတွင် အားသွန်ခွန်စိုက် ဝင်ရောက်ကူညီဆောင်ရွက်ခဲ့သည်။

*******************************

# အခန်း (၂)

## မြန်မာနိုင်ငံတောင်ပိုင်း၏ ပဋိပက္ခသမိုင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ

ပထဝီအနေအထားအရ မြန်မာနိုင်ငံတောင်ပိုင်းဟု ခေါ်ဆိုသည့်နေရာသည် အကြမ်းဖျင်းအားဖြင့် ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ ပါဝင်သည်။ ထိုဒေသများသည် (၁၉၄၈) မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိကတည်းက လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားရာဒေသများဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ပြည်ထောင်စုပုံစံအသစ်ကို တည်ဆောက်သည့်အခါ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ မပါဝင်ခဲ့ပေ။ ထို့ကြောင့် မွန်နှင့် ကရင်လူမျိုးတို့၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ စတင်ခဲ့သည်။

နိုင်ငံရေးအမြင် မတူညီမှုကြောင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့ အစည်းများ၏ လက်နက်ကိုင်ပဋိပက္ခသည် (၁၉၄၈) ခုနှစ်ကတည်းက စတင်ရေတွက်မည် ဆိုလျှင် (၂၀၁၈) ခုနှစ်တွင် နှစ်ပေါင်း (၇၀) တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ့တပ်မတော်ကို နှစ်ပေါင်း (၇၀) ကြာ ပြန်လည်ခုခံသည့်စစ်ပွဲကို ကရင်လူမျိုးများကိုယ်စား ကရင်အမျိုးသားအစည်းအရုံးက ဦးဆောင်ခဲ့သကဲ့သို့ မွန်လူမျိုးတို့၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုကို မွန်ပြည်သစ်ပါတီက ဦးဆောင်ခဲ့သည်။ မွန်ပြည်သစ်ပါတီသည် ယခင်မွန်အမျိုးသားလက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်သူ့တပ်ဦးက မြန်မာ့တပ်မတော်ထံ လက်နက်ချပြီးနောက်ပိုင်း (၁၉၅၈) ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့သည့် မွန်အမျိုးသားကိုယ်စားပြု လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်း ဖြစ်သည်။

(၁၉၆၂) ခုနှစ်တွင် မြန်မာ့တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူပြီးနောက်ပိုင်း တိုင်းရင်းသားဒေသတွင် ထိုးစစ်ဆင်မှုများ ဆက်တိုက်ပြုလုပ်လာခဲ့သည်။ တပ်မတော်အစိုးရဖြစ်သည့်အတွက် စစ်အသုံးစရိတ်များကို စိတ်ကြိုက်တိုးမြှင့်သုံးစွဲခဲ့သည်။

(၁၉၇၀) နှင့် (၁၉၈၀) ခုနှစ်များတွင် မြန်မာ့တပ်မတော်က ဖြတ်လေးဖြတ်ဟု ခေါ်ဆိုသည့် စစ်ရေးမဟာဗျူဟာ တစ်ရပ်ချမှတ်ကာ မွန်၊ ကရင်နှင့် ထားဝယ်တိုင်းရင်းသားပြည်သူနှင့် ၎င်းတို့၏ သက်ဆိုင်ရာ လက်နက်ကိုင်အဖွဲ့အစည်းများအကြားရှိ ဆက်သွယ်ကူညီပံ့ပိုးမှုများကို နည်းစနစ်ကျကျ ဖြတ်တောက်ခဲ့သည်။ သတင်းဆက်သွယ်ရေးဖြတ်တောက်ခြင်း၊ ရိက္ခာနှင့် အခြားသောအကူအညီများဖြတ်တောက်ခြင်း၊ ခိုလှုံမည့်နေရာ ဖြတ်တောက်ခြင်းနှင့် လူသစ်လက်နက်ကိုင်အင်အားစုဆောင်းမှု ဖြတ်တောက်ခြင်းတို့ကို တပ်မတော်က ပြုလုပ်ခဲ့သည်။

ထိုဖြတ်လေးဖြတ် စစ်ဆင်ရေးမဟာဗျူဟာကြောင့် ရေးနှင့် ရေဖြူမြို့နယ်အတွင်းရှိဒေသခံ တိုင်းရင်းသား ပြည်သူများမှာ အတိဒုက္ခကြီးစွာရောက်ခဲ့ကြရသည်။ ၎င်းတို့၏ မူလအခွင့်အရေးဖြစ်သည့် အသက်ရှင်သန်ပိုင်ခွင့်၊ မြေယာပိုင်ဆိုင်ခွင့်၊ အိမ်ခြံမြေထူထောင်ခွင့်ပိုင်၊ မိသားစုရပ်တည်ခွင့်စသည့် လူ့အခွင့်အရေးများကို စစ်တပ်က ချိုးဖောက်ဖျက်စီးခဲ့သည်။ အတင်းအဓမ္မ ပြောင်းရွှေ့ခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ ကျေးရွာများမီးရှို့ခံရခြင်း၊ အဓမ္မလုပ်အားပေးစေခိုင်းခံရခြင်း၊ စစ်ဆင်ရေးများတွင် အတင်းအဓမ္မပါဝင်စေခြင်းနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံ အမျိုးမျိုးကို ခံစားခဲ့ကြရသည်။

ဒေသခံပြည်သူများမှာ လူ့အခွင့်ရေးချိုးဖောက်မှုကို အပြင်းအထန်ခံစားခဲ့ရသည့်အပြင် မိမိတို့ ရပ်ရွာဒေသတွင် လွတ်လပ်စွာနေထိုင်ရှင်သန်ခွင့်ကိုလည်း မရရှိခဲ့ချေ။ မိသားစုအများအပြားနေရင်းရပ်ရွာကိုစွန့်ခွာကာ အိုးမဲ့အိမ်မဲ့ဘဝကို ရောက်ရှိခဲ့ကြသည်။ အချို့က ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDPs) ဖြစ်လာပြီး အချို့မှာ ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ ထွက်ခွာခိုလှုံကာ ပြောင်းရွှေ့ခိုလှုံသူ (Refugee) ဘဝကို ခံယူခဲ့ကြရသည်။ ၎င်းပြင် အချို့မိသားစုများသည် ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းအလုပ်သမား (Migrant Worker) ဘဝဖြင့် ရှင်သန်ရပ်တည်နေကြရသည်။

တပ်မတော်က အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရောမစီမံကိန်းကြီးများ အကောင်အထည်ဖော်ရန်၊ သံယံဇာတ ထုတ်ယူရန် စသည့်ရည်ရွယ်ချက်ဖြင့် မွန်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းများတွင် စစ်ဆင်ရေးပိုမိုပြုလုပ်လာခဲ့သည်။ (၁၉၉၂) ခုနှစ်တွင် ရေဖြူမြို့နယ်တွင် လှုပ်ရှားနေသည့် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများအား ရှင်းလင်းရန်အတွက် သံလျက်စစ်ဆင်ရေးကို တပ်မတော်က အကောင်အထည်ဖော်ခဲ့သည်။ ၎င်းနောက် စစ်အစိုးရမှ ရတနာဂတ်စ်ပိုက်လိုင်းကို (၁၉၉၂) တွင် စတင်သွယ်တန်းပြီး (၁၉၉၈) တွင် စီမံကိန်းအပြီးသတ်ခဲ့သည်။ ထိုပိုက်လိုင်းမှတဆင့် ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့အများအပြား ရောင်းချလျက်ရှိသည်။ ဒေသတစ်ခုလုံးကို အလျင်အမြန်ထိန်းချုပ်နိုင်ရေးအတွက် မိုင် (၁၁၀) ရှည်လျားသည့် ရေး - ထားဝယ်မီးရထားလမ်းကို (၁၉၉၃) ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ (၁၉၉၈) တွင် ပြီးစီးခဲ့သည်။

ရတနာဂတ်စ်ပိုက်လိုင်းနှင့် ရေး - ထားဝယ်မီးရထားလမ်းတည်ဆောက်ရာတွင် လုံခြုံရေးအတွက်ဟုဆိုကာ တပ်မတော်က တပ်ရင်း (၁၅) ရင်းကို အခြေချတပ်စွဲခဲ့သည်။ ရထားလမ်း တည်ဆောက်ရာတွင်လည်းကောင်း၊ ရတနာပိုက်လိုင်း တည်ဆောက်ရာတွင်လည်းကောင်း စစ်တပ်ကိုယ်တိုင်က ဒေသခံပြည်သူလူထုများကို အဓမ္မလုပ်အားပေး စေခိုင်းခဲ့သည်။

*****************************

# အခန်း (၃)

## STAND UP စီမံကိန်းအကြောင်း

### (၃-က) STAND UP စီမံကိန်း

STAND UP ဟူသောစကားလုံးသည် The Sustainable Transformation for Agriculture, Nutrition and Development in Uplands ဆိုသည့် အင်္ဂလိပ်ဘာသာကို အကျဉ်းချုပ် ခေါ်ဆိုထားခြင်းဖြစ်ပြီး မြန်မာဘာသာအားဖြင့် "ကုန်းမြင့်တွင် စိုက်ပျိုးရေး၊ အာဟာရပြည့်ဖြိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ပြုပြင်ပြောင်းလဲမှုစီမံကိန်း" ဟု အဓိပ္ပာယ်သက်ရောက်သည်။ ဤစီမံကိန်းကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် အခြေစိုက်သည့် လူထုအခြေပြုအဖွဲ့အစည်းနှင့် နယ်စပ်ဒေသအကူအညီပေးရေးညွန့်ပေါင်းအဖွဲ့တို့ ပူးပေါင်းပြီး ပဋိပက္ခ ချုပ်ငြိမ်းခါစ နယ်မြေဒေသရှိ ပြည်သူလူထုများအတွက် လိုအပ်သောအကူအညီကို ပေးအပ်နိုင်ရန် ရည်ရွယ်၍ စတင်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားပြည်သူများမှာ ပဋိပက္ခအလွန်ကာလတွင် ၎င်းတို့၏ မိသားစုဘဝနှင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးတို့အတွက် လိုအပ်မှုများစွာ ရှိနေခဲ့သည်။ စစ်ပွဲကာလတလျှောက် မိမိတို့ရပ်ရွာကို စွန့်ခွာထားရသည့်အတွက် ပြည်သူများအတွက် အိမ်ယာခြံမြေများကို ပြန်လည်ဖော်ထုတ်ရန် လိုအပ်နေသကဲ့သို့ မိသားစုများအတွက် လုံလောက်သောအစားအစာ ပြန်လည်ရရှိရန် စိုက်ပျိုးမြေများအား ပြန်လည်ဖော်ထုတ်ရန်လည်း လိုအပ်နေသည်။ ကျေးရွာများကို ပြန်လည်ထူ ထောင်မည်ဆိုပါက ရွာသူရွာသားများအတွက် သန့်ရှင်းသောရေ၊ ရောဂါကူးစက်မှုကို ကာကွယ်ပေးနိုင်မည့် အိမ်သာများ၊ ကောင်းမွန်သော ပတ်ဝန်းကျင်၊ ကလေးသူငယ်များအတွက် စာသင်ကျောင်းနှင့် ရွာသူရွာသားများအတွက် ဆေးပေးခန်းများ လိုအပ်မည်ဖြစ်သည်။

ပဋိပက္ခကာလအတွင်း တိုင်းရင်းသားပြည်သူတို့၏ မြေယာအများအပြား သိမ်းဆည်းခြင်း ခံခဲ့ရသည်။ မြေယာပြဿနာသည် မြန်မာနိုင်ငံအတွက် ဒီမိုကရေစီပွင့်လင်းစကာလတွင် ကြီးမားသောပြဿနာဖြစ်လာကာ အလွန်ရှုပ်ထွေးပြီးဖြေရှင်းရန် အလွန်ပင်ခက်ခဲသည့် ပြဿနာလည်း ဖြစ်သည်။ ပဋိပက္ခလွန်ကာလတွင် ဒေသခံပြည်သူအများအပြားက မိမိတို့၏ မြေယာလုံခြုံရေးကို အထူး ပင်စိုးရိမ်နေကြသည်။ လယ်ယာမြေ မရှိပါက အခြားသော ဘဝရှင်သန်ရေးကို ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးရခါစ တိုင်းရင်းသားနယ်မြေအတွင်းသို့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တဖွဲဖွဲရောက်ရှိလာသည်ကို တွေ့ရှိနေရသည်။ ဤသို့သော အခြေအနေတွင် မြေယာနှင့်သံယံဇာတလုံခြုံရေးမှာ ဒေသခံပြည်သူလူထုများအတွက် အထူးပင် အရေးကြီးသည့်ကိစ္စ ဖြစ်လာသည်။

စစ်ရေးပဋိပက္ခများကြောင့် ဒေသခံပြည်သူများက အဖက်ဖက်တွင် အင်အားချိနဲ့ခဲ့သည်။ ထိုပျောက်ဆုံးသွားသည့်အင်အားများ တစ်ဖန်ပြန်လည်ရရှိရန် လိုအပ်ရုံသာမက ပဋိပက္ခအလွန်ကာလတွင် ပြည်သူများက စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ကိုယ်ခံအားများကောင်းမွန်ရန် လိုအပ်နေသည်။ ထို့ကြောင့် ဒေသအတွင်းအခြေစိုက်နေသည့် လူထုအခြေပြု အဖွဲ့အစည်းများက ပြည်သူများ၏ အရည်အသွေးကိုမြှင့်တင်ကာ တစ်ချိန်တည်းတွင် ဒေသခံပြည်သူတို့၏ ဘဝ ရပ်တည်ရေး၊ လူမှုရေး၊ စီးပွားရေး၊ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရေးတို့ အတွက် ပါဝင်ကူညီလုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

STAND UP စီမံကိန်း၏ အဓိကရည်ရွယ်ချက် (၃) ရပ်မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လူ့အခွင့်အရေးအခြေပြု သဘာဝသယံဇာတ ထိန်းသိမ်းစီမံခန့်ခွဲရေးနှင့် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို မြှင့်တင်သွားရန်။

(ခ) သန့်စင်ကောင်းမွန်သော ရေရရှိရေး၊ ကျန်းမာသည့်ပတ်ဝန်းကျင် ဖန်တီးရေးနှင့် အစားအာဟာရ လုံခြုံရေးတို့အတွက် ဆောင်ရွက်သွားရန်။

(ဂ) ပဋိပက္ခအလွန်ကာလတွင် ဒေသခံပြည်သူတို့၏ အရည်အသွေးကို မြှင့်တင်ကာ ကျား၊မ တန်းတူညီမျှစွာ ပါဝင်လာရေးနှင့် အချို့သော အရေးကြီးပြီးထိရှလွယ်သည့် ကဏ္ဍများတွင် ကာကွယ်ပေးသွားကာ အစားအစာနှင့် အလုပ်အကိုင်၊ လုံခြုံရေးတို့ အတွက် ဆောင်ရွက်သွားရန် ဖြစ်သည်။

ဤကဲ့သို့ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရွာများစုစည်းနေသည့် ကျေးရွာအုပ်စုများကို အဓိကပစ်မှတ်ထားကာ ဆောင်ရွက်သွားရန် ဖြစ်သည်။ ထို့ကြောင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ပဋိပက္ခကာလအတွင်း ထိခိုက်မှုအများအပြားခံစားရသည့် မြို့နယ်ပေါင်း (၁၀) မြို့နယ်ကို ရွေးချယ်ကာ ၎င်းတို့အနက်မှ ကျေးရွာအုပ်စုပေါင်း (၄၀) ကို ထပ်မံရွေးချယ်ပြီး အကောင်အထည်ဖော်ခဲ့သည်။ ထိုကျေးရွာအုပ်စု (၄၀) တွင် ကျေးရွာပေါင်း (၃၀၀) ခန့် ပါဝင်သည်။ ထိုရွာပေါင်း (၃၀၀) မှ လူဦးရေပေါင်း (၆၀,၀၀၀) ခန့် အကျိုးခံစားခွင့်ရရှိရန် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားသည်။

ထို့ကြောင့် ဤစီမံကိန်းအားအကောင်အထည်ဖော်နိုင်ရန်နယ်စပ်ဒေသအကူအညီပေးရေး ညွန့်ပေါင်းအဖွဲ့ (The Border Consortium) က ကမကထပြုကာ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် LIFT က ငွေကြေးအကူအညီ ပေးအပ်ခဲ့သည်။ LIFT ဟူသည့် အခေါ်အဝေါ်သည် အင်္ဂလိပ်စကားလုံး The Livelihoods and Food Security Fund ကို ကိုယ်စားပြုကာ 'အသက်မွေးဝမ်းကျောင်းနှင့် အစားအစာလုံခြုံရေး ရန်ပုံငွေအဖွဲ့" ဟု ခေါ်တွင်သည်။ ထိုသို့ရရှိလာသည့် ရန်ပုံငွေကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စစ်ဘေးစစ်ဒဏ်

ခံခဲ့ကြရသည့် ပြည်သူများကို ပြန်လည်ပံ့ပိုးပေးခြင်း ဖြစ်သည်။

## (၃-ခ) LIFT ရန်ပုံငွေအဖွဲ့ စီမံကိန်း

LIFT ရန်ပုံငွေအဖွဲ့သည် လွန်ခဲ့သည့် ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတင်အခြေစိုက်ကာ နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများ၏ ငွေကြေးရန်ပုံငွေဖြင့် လယ်ယာမြေ အနည်းအငယ်သာ ပိုင်ဆိုင်သည့် လယ်သမားများနှင့် မြေယာမဲ့ပြည်သူများအား အကူအညီပေးရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည်။ LIFT ၏ ငွေကြေးအထောက်အပံ့သည် ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ပြည်သူအများစု ပါဝင်လာရေးကို အဓိကရည်ရွယ်သည်။

LIFT ရန်ပုံငွေအဖွဲ့၏ လှုပ်ရှားမှုများသည် အစားအစာလုံခြုံရေးကို မြှင့်တင်ပေးကာ တစ်ချိန်တည်းတွင် စိုက်ပျိုးထုတ်ကုန်များအား စီးပွားရေးထုတ်ကုန်အဖြစ် ကူးပြောင်းနိုင်ရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးလုပ်ငန်း၊ ငွေစုငွေချေးနှင့် ငွေကြေးထိန်းသိမ်းမှုလုပ်ငန်း၊ အသေးစားစီးပွားရေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးတို့ကို အားပေးသည်။ ထို့ပြင် မိခင်နှင့် ကလေးသူငယ်များအတွက် အာဟာရပြည့်စုံရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သည်။ LIFT ၏ အထောက်အပံ့များသည် ကျေးလက်ဒေသနေ ပြည်သူများ၏ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးကို အဓိကထားသည်။

LIFT ရန်ပုံငွေအဖွဲ့၏ အဓိကအလှူရှင်နိုင်ငံများမှာ ဩစတေးလျ (Australia)၊ ဒိန်းမတ် (Denmark) ၊ ဥရောပ သမဂ္ဂအဖွဲ့ (European Union)၊ ပြင်သစ် (France) ၊ အိုင်ယာလန် (Ireland) ၊ အီတလီ (Italy) ၊ လူဇင်ဘတ် (Luxembourg)၊ နယ်သာလန် (Netherlands)၊ နယူးဇီလန် (New Zealand)၊ ဆွီဒင် (Sweden)၊ ဆွစ်ဇာလန် (Switzerland)၊ ဗြိတိန် (United Kingdom) နှင့် အမေရိကန်ပြည်ထောင်စု (United States of America) တို့ ဖြစ်သည်။ ပုဂ္ဂလိကအလှူရှင်အနေဖြင့် မစ်ဆုဘီရှီကော်ပိုရေးရှင်း (Mitsubishi Corporation) က အလှူငွေ ထည့်ဝင်သည်။

LIFT ရန်ပုံငွေအဖွဲ့၏ အလှူငွေအထောက်အပံ့များသည် မြန်မာနိုင်ငံအတွင်းရှိ လူဦးရေ (၃) သန်းခွဲခန့်ထံသို့ ရောက်ရှိပြီး ကျေးလက်ဒေသနေ လူဦးရေစုစုပေါင်း၏ (၁၀) ရာခိုင်နှုန်းဆီသို့ အကျိုးသက်ရောက်လျက်ရှိသည်။

******************************

## အခန်း (၄)

### စီမံကိန်းဒေသများ

အထက်တွင်ပြဆိုထားသည့်အတိုင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စီမံကိန်းအား အကောင်အထည်ဖော်ရာတွင် အဓိကအားဖြင့် စစ်မက်ဖြစ်ပွားခဲ့ဖူးသည့် ဒေသများတွင် အကောင် အထည်ဖော်ရန် ဆုံးဖြတ်ထားသည့်အတွက် မွန်ပြည်နယ်တောင်ပိုင်း ရေးမြို့နယ်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ်တို့ကို စီမံကိန်းဒေသအဖြစ် ရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည်။

ထိုမြို့နယ် (၂) ခုစလုံးသည် လွန်ခဲ့သည့် နှစ်ပေါင်း (၅၀) ကတည်းကပင် စစ်မက်ဖြစ်ပွားခဲ့ သည့်ဒေသများ ဖြစ်သည်။ ဒေသခံပြည်သူလူထုများအနေဖြင့် ဗမာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများအကြား ဖြစ်ပွားသည့် တိုက်ပွဲများတွင် မြေဇာပင် ဖြစ်ခဲ့ရသည်။ ထို့ပြင် တပ်မတော်အစိုးရလက်ထက်တွင် အကောင်အထည်ဖော်ခဲ့သည့် စီမံကိန်းကြီးများကြောင့် ဒေသခံပြည်သူများက လူ့အခွင့်အရေးချိုးဖောက်မှုများကိုပါ အလူးအလဲ ခံစားခဲ့ရသည်။ ရေး- ထားဝယ် မီးရထားလမ်း တည်ဆောက်ချိန်တွင်လည်း ဤဒေသမှ ပြည်သူလူထုအများအပြားမှာ ဒုက္ခရောက်ခဲ့ပြန်သည်။ ထို့ပြင် ရတနာပိုက်လိုင်းတည်ဆောက်ရေးအတွက် နဝတအစိုးရက နယ်မြေရှင်းလင်းပြန်ရာ ဒေသခံပြည်သူအများအပြား ထပ်မံ ဒုက္ခရောက်ကြရပြန်သည်။

ဤဒေသသည် စစ်ပွဲကြောင့် သော်လည်း ကောင်း၊ လူ့အခွင့်ရေးချိုးဖောက်မှုကြောင့်လည်း ကောင်း ဒေသခံပြည်သူအများအပြား အိုးအိမ်မဲ့ဘဝသို့ ရောက်ခဲ့ရသည်။ အချို့မှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ ခိုလှုံသူဘဝအဖြစ် နေထိုင် နေကြရသည်။ (၂၀၁၂) ခုနှစ် နောက်ပိုင်း စစ်ပွဲများ ရပ်တန့်သွားပြီး ငြိမ်းချမ်းရေး ရရှိလာသည့်ကာလတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်း များကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်သော်လည်း ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့်အစိုးရက မည် သည့် ထူထောင်ရေးလုပ်ငန်းကိုမျှ မယ်မယ်ရရ ဆောင်ရွက်ခဲ့ခြင်း မရှိချေ။

ထိုအခြေအနေတွင် မွန်ပြည်လူ့အခွင့်ရေး ဖောင်ဒေးရှင်းအနေဖြင့် စစ်ဘေးစစ်ဒဏ် အလူး အလဲ ခံခဲ့ကြရသည့် ရေးနှင့် ရေဖြူမြို့နယ် များတွင် ဒေသခံပြည်သူများ၏ ရပ်ရွာပြန်လည် ထူထောင် ရေး၊ မြေယာပြန်လည်ရရှိရေးနှင့် ပြန်လည် ဖော်ထုတ်ရေး၊ စားဝတ်နေရေးနှင့် ဝင်ငွေပိုမိုရရှိရေးတို့ အတွက် လူ့အခွင့်အရေးကို အခြေပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထိုသို့ စီမံကိန်းလုပ်ငန်း ဝင်ရောက်လုပ်ကိုင်ရာတွင် ၂၀၀၇ ခုနှစ် နှစ်လယ်မှသည် ၂၀၁၉ ခုနှစ် နှစ်လယ်ကာလအထိ (၂) နှစ်တာကာလအတွင်း အောက်ပါကျေးရွာအုပ်စု (၆) အုပ်စုတွင် စီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်လုပ်ဆောင်ခဲ့သည်။


တနင်္သာရီတိုင်း ရေဖြူမြို့ နယ်တွင်

(၁) ရာဖူးကျေးရွာအုပ်စု

မွန်ပြည်နယ် ရေးမြို့နယ်တွင်

(၂) ကျောင်းရွာကျေးရွာအုပ်စု
(၃) အရုတောင်ကျေးရွာအုပ်စု
(၄) သင်္ကန်းကျွန်းကျေးရွာအုပ်စု
(၅) နင်းစုံကျေးရွာအုပ်စု
(၆) နစ်ကရင်ကျေးရွာအုပ်စု

STAND UP Project Target Area Map



# အခန်း (၅)



## (၅-က) မြေယာအခွင့်အရေး (Land Rights) ဆိုင်ရာလုပ်ငန်းများ

မွန်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသများသည် မွန်၊ ကရင်နှင့် ထားဝယ်တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသဖြစ်သည်။ ထိုဒေသများတွင် တိုင်းရင်းသား လူမျိုးများက နှစ်ပေါင်းထောင်ချီ မျိုးရိုးစဉ်ဆက် နေထိုင်လာခဲ့ပြီး မိမိတို့ မြေယာကိုလည်း ဓါးမဦးချခုတ်ထွင် ရှင်းလင်းကာ လုပ်ကိုင်လာခဲ့ကြသည်။ ထိုသို့နှစ်ပေါင်းများစွာ နေထိုင်စားသောက် လုပ်ကိုင်လာခဲ့သော်လည်း တပ်မတော်အစိုးရလက်ထက်တွင်မူ မြေယာသိမ်းယူသည့် ခြိမ်းခြောက်မှုများကို ဒေသခံပြည်သူများက ကြုံတွေ့လာရသည်။

၎င်းတို့ မျိုးရိုးစဉ်ဆက်လုပ်ကိုင်လာခဲ့သည့် မြေယာသည် နောက်ပိုင်းတွင် ခြိမ်းခြောက်မှုပုံစံအမျိုးမျိုးကို ထပ်မံကြုံတွေ့လာရသည်။ တနင်္သာရီတိုင်းဒေသကြီးသို့ ရွှေနှင့် သတ္တုမိုင်း တူးဖော်ရေးကုမ္ပဏီများရောက်ရှိလာပြီး သက်ဆိုင်ရာဒေသခံအရာရှိ (အစိုးရ သော်လည်းကောင်း၊ လက်နက်ကိုင် အဖွဲ့အစည်းများသော်လည်းကောင်း) များနှင့် ပူးပေါင်းကာ လယ်ယာမြေများ၊ ခြံမြေများနှင့် သစ်တောများကို အဓမ္မသိမ်းယူကာ မိုင်းတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။



နိုင်ငံခြားမှ စိုက်ပျိုးရေးကုမ္ပဏီများလည်း ဝင်ရောက်လာပြီး ရွာသားများ အသုံးပြုနေသော မြေယာများကိုမြေလွတ်မြေရိုင်းဟုဆိုကာ ကေထောင်ချီလုပ်ကိုင်ခွင့်ချပေးခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် အကြီးစားရာဘာ၊ ဆီအုန်းစိုက်ပျိုးခင်းများ ဖော်ထုတ်လုပ်ကိုင်ခဲ့သည်။ ၎င်းပြင် ရေးမြို့နယ် ကမ်းရိုးတန်းတစ်လျှောက်တွင်လည်း နိုင်ငံခြား ကုမ္ပဏီများက ရေနက်ဆိပ်ကမ်းစီမံကိန်း၊ ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံ၊ ခရီးသွားလာရေးဟိုတယ်ဇုန်နှင့် အခြားသောဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် မြေယာများကို ရယူရန် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။

မြေယာသိမ်းဆည်းမှုများ (Land Confiscation) နှင့် အတင်းအဓမ္မ မြေယာရယူမှု (Land Grabs) စသည့်ကိစ္စများသည် ဒေသခံပြည်သူများ၏ မိရိုးဖလာမြေယာပိုင်ဆိုင်မှုကို ခြိမ်းခြောက်လာခဲ့သည်။ ဒေသခံ တိုင်းရင်းသားပြည်သူများမှာလည်း မိမိတို့မြေယာကို ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်လာခဲ့သော်လည်း ယခုဒီမိုကရေစီခေတ်ကာလတွင်မှ မြေယာဆုံးရှုံးရမည့်အရေးကို ရင်ဆိုင်ကြုံတွေ့နေရသည်။

စစ်တပ်နှင့် စီးပွားရေးကုမ္ပဏီများသာမက အခြားသောလုပ်ငန်းရှင်များ၊ လက်နက်ချအလင်းဝင်ထားသည့်လက်နက် ကိုင်အဖွဲ့အစည်းများကလည်း အစိုးရမြေယာဌာနနှင့် ပူးပေါင်းကာ မြေယာများကို အဓမ္မရယူခဲ့ကြသည်ကို တွေ့ရှိရသည်။ ၂၀၀၈ ဖွဲ့စည်းပုံတွင် နိုင်ငံအတွင်းရှိ ရေပေါ်ရေအောက် မြေပေါ်မြေအောက် သံယံဇာတများကို နိုင်ငံတော်က ပိုင်ဆိုင်သည်ဟု ဖော်ပြထားသည့်အပြင် သမ္မတဦးသိန်းစိန် လက်ထက်တွင် ၂၀၁၂ ခုနှစ်တွင်လည်း မြေယာဥပဒေ အသစ်ကို ထပ်မံထုတ်ပြန်ခဲ့ရာ ယင်းဥပဒေက ဒေသခံပြည်သူများကို မြေယာပိုင်ဆိုင်မှုမပေးဘဲ မြေယာအသုံးပြုခွင့်ကိုသာ ပေးထားသည်။

တိုင်းရင်းသားပြည်သူများမှာ မြေယာပိုင်ဆိုင်မှု အာမခံမရှိသဖြင့် မြေယာသိမ်းဆည်းမှုကို အကာအကွယ်မရှိရင်ဆိုင်ကြုံတွေ့နေရသည်။ တစ်ချိန်တည်းတွင် မိရိုးဖလာမြေယာပိုင်ဆိုင်မှုကိုလည်း တည်ဆဲဥပဒေများကအသိအမှတ်မပြုချေ။ ထိုသို့သောအခြေအနေတွင် ၎င်းတို့၏ မြေယာကို ကာကွယ်နိုင်ရန် ရုန်းကန်လာခဲ့ကြသည်။

### (၅-ခ) မြေယာဆိုင်ရာ သင်တန်းများ

တိုင်းရင်းသားတို့၏ မြေယာအခွင့်အရေးကို ကာကွယ်ရာတွင် ဖြစ်နိုင်သော ကာကွယ်ရေးနည်းလမ်းများအား ရှင်းလင်း ပြောပြခဲ့သည်။ ထို့ကြောင့် ယခုစီမံကိန်းကာလတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ကျေးရွာအုပ်စုတိုင်းတွင် မြေယာအခွင့်အရေးဆိုင်ရာသင်တန်းများကို ပေးအပ်ခဲ့သည်။

မြေယာအာမခံချက် မရှိသေးသည့် လယ်သမားများအတွက် မြေယာဆိုင်ရာအခွင့်အရေး အမြင်ဖွင့်သင်တန်းများကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်း၏ ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) မိရိုးဖလာမြေယာ မြေယာပိုင်ဆိုင်မှုကို အာမခံပေးနိုင်သည့် တိုင်းရင်းသား မြေယာ မူဝါဒနှင့် မြေယာဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာကာ ဒေသခံ တိုင်းရင်း သားများအတွက် အကောင်းဆုံးသော မြေယာပိုင်ဆိုင်မှု အခွင့်အရေးအား ဖော် ဆောင်သွားရန်။

(ခ) သမ္မတဦးသိန်းစိန် လက်ထက်တွင် ပြဋ္ဌာန်းလိုက်သော "လယ်ယာမြေဥပဒေ"၊ "မြေလွတ်၊ မြေလပ်မြေရိုင်းနှင့် စီမံခန့်ခွဲရေးဥပဒေ" နှင့် ၎င်း၏ "နည်းဥပဒေ"များကို မြေအသုံးချသူ တောင်သူလယ်သမားများနှင့် ခြံသမားများ သိရှိနားလည်စေရန်နှင့် မြေယာအခွင့်ရေးအတွက် အကောင်းဆုံးသောအဖြေကို ရှာဖွေသွားရန်။

(ဂ) မြေအသုံးချသူတိုင်း မိမိတို့ လုပ်ကိုင်လျက်ရှိသည့်မြေကို လယ်ယာမြေဥပဒေလုပ် ထုံးလုပ်နည်းနှင့်အညီ ဥပဒေဘောင်အတွင်း အာမခံချက်ရှိရှိ ပိုင်ဆိုင်နိုင်ရန် အ တွက် "လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇)"ကို ရယူလျှောက်ထားရာ တွင် လုပ်ငန်းကိစ္စပြီးမြောက်မှု လွယ်ကူစေရေးကို အထောက်အကူပြုနိုင်စေရန်။

(ဃ) နိုင်ငံတော်အစိုးရ၏ "တရားဥပဒေ စိုးမိုးမြင့်တင်ရေး" လုပ်ငန်းစဉ်အတွက် ပြည်သူ များ "ဥပဒေဆိုင်ရာ အသိပညာပေး ဖြန့်ဝေမှု" လုပ်ငန်းစဉ်ကို အထောက်အကူ ပြုစေရန်။

သင်တန်းတစ်ခု ပြုလုပ်ရာတွင် သင်တန်းမစတင်မီ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း မှ သင်တန်းစီစဉ်သူများက ဒေသအတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများအား အကြောင်းကြားပြီး ကျေးရွာသူကျေးရွာသားများ သင်တန်းသို့ တက်ရောက် နိုင်ရန် တိုက်တွန်းသည်။ သင်တန်းသို့ အမျိုးသမီးများ တက်ရောက်ရန် အထူးပင်ဖိတ်ကြားသည်။ သို့ရာတွင် အမျိုးသမီး သင်တန်းသား တက်ရောက်မှု နည်းပါးနေသည်ကို တွေ့ရသည်။

သင်တန်းတွင် သင်တန်းဆရာက လက်ရှိမိရိုးဖလာ မြေယာအသုံးပြုနေမှုများကို တိုင်း ရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သည့် မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသား အစည်း အရုံးတို့၏ မြေယာစီမံခန့်ခွဲရေးဌာနများတို့က ပိုင်ဆိုင်ခွင့်လက်မှတ်ထုတ်ပေးလျက်ရှိသဖြင့် လယ် သမားများအနေဖြင့် မိမိတို့ ပိုင်ဆိုင်မှုသေချာအောင် လုပ်ဆောင်သင့်ကြောင်း အဓိက အကြံပြုခဲ့ သည်။ သို့ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အလုမ်းဝေးသော ဒေသတွင် နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသည့် ဥပဒေအတိုင်း မိမိတို့ပိုင် ဆိုင်သည့် မြေယာကို မှတ်ပုံ တင်နိုင်ပြီး မြေယာလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ ၇) ရရှိအောင် ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်း ပြောပြခဲ့သည်။

ထိုကဲ့သို့ ဆွေးနွေးပြီးသည့်နောက်ပိုင်း၊ သက်ဆိုင်ရာဒေသခံပြည်သူတို့၏ဆန္ဒအရ မိမိတို့ပိုင်ဆိုင်သည့်မြေယာအား တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ထုတ်ပေးသည့် မြေယာပိုင်ဆိုင်မှုလက်မှတ် သို့မဟုတ် နိုင်ငံတော်အစိုးရက ထုတ်ပေးသည့် မြေယာလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) လျှောက်ထားရယူမည့်ကိစ္စအား မိမိတို့သဘောဆန္ဒအလျောက် ဆုံးဖြတ်နိုင်သည်။ အချို့လယ်သမားများမှာ မြေယာပိုင်ဆိုင်မှု ပိုမိုလုံခြုံရေးအတွက် လယ်ယာမြေလက်မှတ် (၂) မျိုးစလုံးကို လုပ်ကိုင်ထားရန်လိုသည်။

## (၅-ဂ) မြေယာပိုင်ဆိုင်မှုလက်မှတ်များ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အသိအမှတ်ပြုသည့် မြေယာပိုင်ဆိုင်မှုလက်မှတ်

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးလုပ်ငန်းတွင်ပါဝင်ပြီး မြေယာ၊ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကိစ္စကို တက်တက်ကြွကြွ ပါဝင်ဆွေးနွေးသည့် မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးတို့က ဒေသခံတိုင်းရင်းသားတို့၏ မိရိုးဖလာမြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုကာ မြေယာပိုင်ဆိုင်ကြောင်းလက်မှတ်ကို ထုတ်ပေးသည်။

ကရင်အမျိုးသားအစည်းအရုံးက ထုတ်ပေးသည့်မြေယာပိုင်ဆိုင်မှုလက်မှတ်သည် ဒေသခံလယ်သမား၏ မြေရေယာကိုတိကျစွာတိုင်းတာပြီး စနစ်တကျလုပ်ဆောင်သောကြောင့် ၎င်းတို့ထုတ်ပေးသည့် ပိုင်ဆိုင်မှုလက်မှတ်သည် မွန်ပြည်သစ်ပါတီက အသိအမှတ်ပြုသည့် မြေပိုင်ဆိုင်မှုပုံစံထက် အရည်အသွေးပိုင်းတွင် ပိုမိုကောင်းမွန်သည်။

ကျွန်တော်စိုက်ထားတည်းက ဘိုးဘွားခြံ
မြေက ခိုင်မာချက်မရှိလို့ ခိုင်မာမှုရှိအောင်
ကျွန်တော် ကေအေန်ယူဂရန်ကို လုပ်ချင်ပါတယ်။
ကေအေန်ယူဂရန်က လုပ်သင့်တယ်လို့ အစက
တည်းက မသိခဲ့ဘူး။ နောက်မှ မဂဒူးအဖွဲ့က
ဆရာတို့သင်တန်းလာပေးလို့ ကြားလိုက်ပြီး
ဒီကေအေန်ယူ ဂရန်ကို ကျွန်တော်တို့
လျှောက်ပိုင်ခွင့် ရှိတယ်ဆို ကျွန်တော်တို့
လုပ်ချင်ပါတယ်။

(အောင်မင်းထွန်း၊ လိပ်ပုတ်ကျေးရွာ၊
ကျောင်းရွာအုပ်စု)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၂) ဖွဲ့ ထိန်းချုပ်ထားသည့် ဒေသနှင့် ၎င်းဒေသ အနီးတဝိုက်ရှိ လယ်သမားများအနေဖြင့် ထိုအဖွဲ့အစည်းများက ထုတ်ပေးသည့်မြေယာပိုင်ဆိုင်မှု လက်မှတ်သာလျှင် ၎င်းတို့အတွက် အလုံခြုံဆုံးဟု ယူဆထားကြသည်။

ထိုမြေယာပိုင်ဆိုင်မှုလက်မှတ်များကို အဘယ်ကြောင့် လျှောက်ထားရကြောင်း မေးမြန်းရာတွင် ဒေသခံလယ်သမားများက အောက်ပါအတိုင်း ဖြေဆိုခဲ့သည်။



ဒီနယ်မြေက ကေအေန်ယူနယ်မြေဖြစ်တဲ့အတွက် ဒီဂရန်ကိုလုပ်သင့်တယ်။ ဒီစာရွက်စာတမ်းရှိရင်အထောက်အထား ဖြစ်မယ်။ ဒီဂရန်ကို ကိုင်ထားခြင်းအားဖြင့် မြေလွတ်မြေရိုင်းဆိုပြီး လာသိမ်းမယ်ဆိုရင် ကျွန်တော်တို့ဘက်ကပြနိုင်တဲ့ အထောက်အထားရှိတော့ ပိုကောင်းမယ်လို့ ထင်ပါတယ်။ ကေအေန်ယူ ဂရန်ကို ရထားတော့ ပြဿနာတစ်ခုတစ်ခု ဖြစ်လာရင် (သူတို့) တာဝန်ယူမယ်လို့ ထင်တယ်။

(ကျော်မျိုးထူး၊ မင်းလှကျေးရွာ၊ ကျောင်းရွာအုပ်စု)

(က) မြေယာပိုင်ဆိုင်မှုလက်မှတ်သည် အစိုးရကထုတ်ပေးသည့် ပုံစံ (၇) ထက် ကောင်းမွန်ကာ မိမိတို့တိုင်းရင်းသားများ၏ ရိုးရာဓလေ့အရ လုပ်ကိုင်စားသောက်လာသည့် မိရိုးဖလာပိုင်ဆိုင်မှုကို အသိအမှတ်ပြုသည်။

(ခ) တိုင်းရင်းသားအဖွဲ့အစည်းများထုတ်ပေးသည့် မြေယာပိုင်ဆိုင်မှုလက်မှတ်ကြောင့် ပြင်ပမှ ဝင်ရောက်လာသည့် စီးပွားရေးကုမ္ပဏီများနှင့် အစိုးရအရာရှိများ၏မြေယာ အတင်းအဓမ္မရယူလိုမှုကို ကာကွယ်နိုင်သည်။

(ဂ) မိမိတို့မြေယာသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ထိန်းချုပ်ထားသည့် ဒေသတွင် ရှိနေသောကြောင့် ပြဿနာတစ်စုံတရာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းကသာ တာဝန်ယူဖြေရှင်းပေးနိုင်မည် ဖြစ်သည်။

## နိုင်ငံတော်အစိုးရက အသိအမှတ်ပြုသည့် မြေယာပိုင်ဆိုင်မှုလက်မှတ် (ပုံစံ ၇)

၂၀၁၂ မြေယာဥပဒေအရ လယ်ယာမြေလုပ်ကိုင်ခွင့် ဆိုသည်မှာ မိမိတို့လုပ်ကိုင်နေသည့် မြေယာအား ပိုင်ဆိုင်ခွင့်မရှိဘဲ ထိုမြေယာပေါ်တွင် လုပ်ပိုင်ခွင့်ကိုသာ နိုင်ငံတော်က ခွင့်ပြုထားသည့် သဘောဖြစ်သည်။ ထို့ကြောင့် ထိုမြေယာပေါ်တွင် မျိုးရိုးစဉ်ဆက်လုပ်ကိုင်လာခဲ့သည့် လယ်သမားများက (၂၀၁၂) လယ်ယာမြေ ဥပဒေအပေါ် အားရကျေနပ်မှု မရှိချေ။

သို့ရာတွင် မိမိတို့လယ်ယာမြေတွင် အသိအမှတ်ပြုလက်မှတ် (သို့မဟုတ်) သက်သေခံ တစ်ရပ်ရပ် မရှိပါက မြေသိမ်းဆည်းနိုင်သည့် ခြိမ်းခြောက်မှုကို ခံရမည် ဖြစ်သည်။ ထိုအခြေအနေ ကြောင့် လယ်သမားများအနေဖြင့် ပုံစံ (၇) လယ်ယာမြေ လုပ်ကိုင်ခွင့်လက်မှတ်ရရှိအောင် မလွဲ မသွေ ဆောင်ရွက်ရသည်။

အစိုးရက အပြည့်အဝ ထိန်းချုပ်ထားသည့်ဒေသများတွင် ဒေသခံလယ်သမားအများစုမှာ မိမိလယ်ယာမြေလုံခြုံရေး (သို့မဟုတ်) ထိုမြေပေါ်တွင် ဆက်လက်လုပ်ကိုင်နေရေးအတွက် အစိုးရ မြေယာဌာနမှ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ကို ရယူလျှောက်ထားခြင်းမှတစ်ပါး အခြား ရွေးချယ်စရာလမ်း နည်းပါးနေသည်။ ပုံစံ (၇) ရရှိရေးအတွက် မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ဘာလို့ (ပုံစံ - ၇) လုပ်တာလဲဆိုတော့ ကျွန်တော်တို့မြေကို သေချာရအောင်ရယ်၊ ပြီးတော့ ကျွန်တော်တို့မြေကို ကျွန်တော်တို့ပိုင်ရအောင်၊ ကိုယ်လည်း စိတ်ချရအောင်။ နောက်တော့ သူများတွေလည်း ကိုယ့်မြေပေါ် မကျူးကျော်ရအောင်။ အဲဒီရည်ရွယ်ချက်ကြောင့် (ပုံစံ - ၇) လုပ်တာပါ။

(နိုင်ခင်မောင်၊ စုံပဒေါက်ရွာ၊ ကျောင်းရွာအုပ်စု)
ရေးမြို့နယ်။

လယ်သမားများအတွက် ပုံစံ (၇) ပြုလုပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရမြေယာ စီမံခန့်ခွဲရေးဌာနများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား (၂၀၀၂) ခုနှစ်ကတည်းက ညွှန်ကြား ခဲ့သော်လည်း လယ်သမားများအား အကူအညီပေးအပ်မှု နည်းပါးခဲ့သည်။

ဘာကြောင့် (ပုံစံ - ၇) လုပ်တာလဲဆိုတော့ ကိုယ့်မြေကွက်က လမ်းဘေးမှာရှိနေတယ်ဆိုတော့ အစိုးရက သိမ်းသွားမှာလည်း စိုးရိမ်တယ်။ နောက်ပြီး လမ်းချဲ့တဲ့အခါမှာ ပါသွားမှာလည်း စိုးရိမ် တယ်။ (ပုံစံ - ၇) ရှိလ.ရင် နည်းနည်းပြောလို့ဆိုလို့လွယ်မယ်လို့ ယုံကြည်ထားတယ်။

(နိုင်သောင်းရွှေ ၊ စုံပဒေါက်ရွာ၊ ကျောင်းရွာအုပ်စု)

ထို့ကြောင့် ကျေးရွာအတွင်းရှိ တောင်သူလယ်သမားအများစုမှာ မိမိတို့ရာဘာခြံမြေဥယျာဉ် ခြံမြေနှင့် လယ်ယာမြေများအတွက် ပုံစံ (၇) ရရှိရန် အကူအညီတောင်းခဲ့သည်။ လယ်ယာမြေလုပ် ကိုင်ခွင့်လက်မှတ် ရရှိနိုင်ရေးအတွက် ကော်မီတီများဖွဲ့စည်းပေးခြင်း၊ သက်ဆိုင်ရာအစိုးရဌာနများ နှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်းနှင့် မြေတိုင်းသည့်ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။

ဒေသခံလယ်သမားများအနေဖြင့် ၎င်းတို့ လက်ဝယ်တွင် ပုံစံ (၇) ရှိခြင်းအားဖြင့် အောက်ပါအတိုင်း အကျိုးရှိသည်ဟု ပြောဆိုကြသည်။

(က) ပုံစံ (၇) လက်မှတ် ရရှိထားခြင်းအားဖြင့် မိမိတို့၏ မြေယာပိုင်ဆိုင်မှုသည် ပိုမိုအာမခံချက်ရှိသဖြင့် စိတ်အေးချမ်းသာစွာ အလုပ်လုပ်နိုင်သည်။

(ခ) မိမိတို့ သားသမီးများအား စိတ်ချလက်ချ အမွေအဖြစ် လွှဲပြောင်းနိုင်သည်ဟု ယုံကြည်သည်။

(ဂ) မြေယာပြဿနာ ဖြစ်ပွားမည်ဆိုပါက ကျေးရွာအုပ်ချုပ်ရေးက အလွယ်တကူပင် ဝင်ရောက်ဖြေရှင်းနိုင်မည် ဖြစ်သည်။

(ဃ) မြေသိမ်းမည့်ကိစ္စ ပေါ်ပေါက်လာပါက မိမိတို့တွင် လယ်ယာမြေလုပ်ပိုင်ခွင့် ရှိနေသည့်အတွက် ပိုမိုစိတ်ချရသည်ဟု ယူဆကြသည်။

မည်သို့ပင်ဖြစ်စေ ပြည်တွင်းစစ်ဖြစ်ပွားနေသည့်ကာလတွင် မတည်ငြိမ်သည့်ဘဝဖြင့် ရပ်တည်နေကြရသည့် ဒေသခံပြည်သူ တောင်သူလယ်သမားများသည် ၎င်းတို့ဘဝရပ်တည်ရေးအတွက် မြေယာသည် အလွန်ပင်အရေးကြီးကြောင်း ပြောဆိုခဲ့ကြသည်။

## (၅-ဃ) စိုက်ပျိုးရေးအသိပညာပေးသင်တန်းများ

စီမံကိန်းလုပ်ဆောင်လျက်ရှိသည့် နေရာဒေသအားလုံးရှိ ပြည်သူလူထုအများစုမှာ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည်။ မိမိတို့ လယ်ယာမြေလုံခြုံရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ တွင်သော်လည်းကောင်း၊ အစိုးရ၏မြေယာစီမံ ခန့်ခွဲရေးဌာနထံတွင်သော်လည်းကောင်း၊ မြေယာပိုင်ဆိုင်ခွင့် လက်မှတ်ပြုလုပ်ပြီးနောက် ၎င်းမြေပေါ်တွင် စိတ်ချလက်ချ လုပ်ကိုင်နိုင်သည့် အခြေအနေတွင် ရှိနေပြီဖြစ်သည်။

ထို့ကြောင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့ (Mon Area Community Development Organization) နှင့် ပူးပေါင်းပြီး ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေးအသိပညာပေးသင်တန်းများ ပေးအပ်ကာ ၎င်းတို့မြေယာတွင် နှစ်ရှည်ပင်များစနစ်တကျ စိုက်ပျိုးကာ နှစ်ရှည်သီးနှံ ထုတ်လုပ်မှုတွင် ပိုမိုလုပ်ကိုင်ရန် ရည်ရွယ်ခဲ့သည်။

ရေးနှင့် ရေဖြူမြို့နယ်များသည် နှစ်ရှည်သီးပင်များဖြစ်သည့် ဒူးရင်း၊ မင်းဂွတ်၊ ကွမ်း၊ လိမ္မော်၊ သံပုရာ၊ အုန်းနှင့် အခြားသောသီးပင်အများအပြား စိုက်ပျိုးသောဒေသ ဖြစ်သည်။ စားသုံးနိုင်သည့် သစ်သီးများအပြင် ထိုမြို့နယ် (၂) ခုစလုံးတွင် ရာဘာပင်အများအပြား စိုက်ပျိုးထားသည်။ ထို့ကြောင့် နှစ်ရှည်သီးနှံပင် စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်သည့် အသိပညာပေးခြင်းအပြင် အခြား

သောဒေသရှိ စိုက်ပျိုးရေးခြံများသို့ပါ သွားရောက်လေ့လာနိုင်သည့် ခရီးစဉ်များကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

မိသားစုတစ်စုအတွင်း အမျိုးသားများ နှစ်ရှည်သီးပင်များ စိုက်ပျိုးခြင်း၊ နှစ်စဉ်သီးနှံခူးဆွတ်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် တစ်ဖက်တစ်လမ်းတွင်လည်း အမျိုးသမီးများ ဝင်ငွေရရှိရေးအတွက် ရာသီသီးနှံပင်စိုက်ပျိုးရေးကိုလည်း အားပေးခဲ့သည်။ ရာသီသီးနှံ စိုက်ပျိုးရေးကဏ္ဍတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းနှင့် အခြားသော အမြဲတမ်းဆွတ်ခူးနိုင်သည့် အပင်များကို စိုက်ပျိုးခြင်းစသည့် နည်းလမ်းများကိုလည်း ကူညီဆောင်ရွက်ခဲ့သည်။

မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းနှင့် မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့တို့ပူးပေါင်းပြီး အောက်ပါစိုက်ပျိုးရေးနှင့်ဆက်စပ်သည့်သင်တန်းများကို ပေးအပ်ခဲ့သည်။

(က) စိုက်ပျိုးရေးနှင့် သက်မွေးဝမ်းကျောင်းသင်တန်း
(ခ) အခြေခံ အသုံးချစိုက်ပျိုးရေးသင်တန်း
(ဂ) သဘာဝ အပင်ရောဂါကာကွယ်ဆေးနှင့် သဘာဝပိုးသတ်ဆေး သင်တန်း
(ဃ) သဘာဝမြေဩဇာ ပြုလုပ်ခြင်းသင်တန်း
(င) နှစ်ရှည်ပင်စိုက်ပျိုးခြင်း၊ ပျိုးထောင်ခြင်းနှင့် ပြုစုခြင်း

စိုက်ပျိုးရေးသင်တန်းများ ပေးအပ်ရာတွင် ဒေသခံပြည်သူများ လိုအပ်သည့် သင်တန်းအမျိုးအစားကိုမေးမြန်းပြီး သင်တန်းပြီးသည့်ကာလတွင် သင်တန်းကပေးအပ်လိုက်သည့် အသိပညာများအား လက်တွေ့တွင် အသုံးပြုနိုင်သည့် အခြေအနေ ရှိ/မရှိကိုလည်း ဆက်လက်ဆန်းစစ်ခဲ့သည်။

## (၅-င) စိုက်ပျိုးရေးခြံ (Agriculture Center)




ရေဖြူမြို့နယ်အတွင်း ပြန်လည်ခြေချလာသည့် နေရပ်စွန့်ခွာပြည်သူများအတွက်ပြန်လည်ထူထောင်ရေးတွင် မြေယာနှင့် အသက်မွေးဝမ်းကျောင်းမှုသည် အလွန်ပင် အရေးပါသည်။ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုရန်အတွက် မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့က ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စုရှိ မိုင် (၆၀) ရွာနှင့် ရေးမြို့နယ်၊ သဃ်န်ကျွန်းကျေးရွာအုပ်စု၊ စိန်ကြီးကျေးရွာတွင် စိုက်ပျိုးရေးခြံများ ထူထောင်ထားသည်။

• မိုင် (၆၀) ပျိုးခင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက LIFT ၏ ပံ့ပိုးကူညီမှုမှတဆင့် ထိုဒေသတွင် ပြည်သူလူထုများ၏ စိုက်ပျိုးရေးအသိ ပညာကို ပံ့ပိုးပေးနိုင်ရန်အတွက် မိုင် (၆၀) စိုက်ပျိုးရေးခြံကို အကူအညီ တောင်းခံခဲ့သည်။ မိုင် (၆၀) စိုက်ပျိုးရေးခြံတွင် စိုက်ပျိုးရေး လုပ်ငန်းအတွက်နှစ်တို နှစ်ရှည်ပင်များ ပြန်လည်နေရာချခြင်း၊ စိုက်ပျိုးခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများ ပြန်လည်ပျိုးထောင်ခြင်း၊ ရေပိုက်လိုင်းနှင့် ရေရရှိရေးအတွက် ဆောင်ရွက်ခြင်း၊ သင်တန်းခန်းမ ပြန်လည်မွမ်းမံခြင်းများ ပြုလုပ်ခဲ့သည်။

မိုင် (၆၀) စိုက်ပျိုးရေးခြံကို ပြန်လည်မွမ်းမံပြီးနောက် အောက်ပါလုပ်ငန်းကို ဆောင်ရွက်ခဲ့သည် -

(က) နှစ်ရှည်ခြံစိုက်ပျိုးရေးလုပ်ငန်း စတင်လုပ်ကိုင်ကြသည့် ဒေသခံလယ်သမားများအတွက် လိုအပ်သော နှစ်ရှည်ပင်အချို့ (ဒူးရင်း၊ သရက်၊ မင်းဂွတ်၊ သံပုရာ စသည်များ) ကို ပံ့ပိုးပေးနိုင်ခြင်း။

(ခ) အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဝင်ငွေနည်းပါးသည့် မိသားစုများ၏ အိမ်နောက်ဖေးတွင် ဟင်းသီးဟင်းရွက်များစိုက်ပျိုးနိုင်ရန် မျိုးစေ့များ မျှဝေပေးခြင်း၊စိုက်ပျိုးရေးခြံမှ ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များကို ရွာသူရွာသားများထံ မျှဝေပေးခြင်း။

(ဂ) စိုက်ပျိုရေးခြံတွင် ဒေသခံပြည်သူများအတွက် လိုအပ်သည့် စိုက်ပျိုးရေးအသိပညာပေးသင်တန်းအမျိုးမျိုးအားလက်တွေ့ပို့ချပေးခြင်းတို့ဆောင်ရွက်နိုင်ခဲ့သည်။

မိုင် (၆၀) စိုက်ပျိုးရေးခြံသည် ဒေသခံပြည်သူများအတွက် အထူးပင် အကျိုးရှိခဲ့သည်။ စိုက်ပျိုးရေးခြံတွင် သင်တန်းခန်းမရှိသည့်အတွက် စိုက်ပျိုးရေးသင်တန်းများသာမက အခြားသော လူမှုအဖွဲ့အစည်း (CSOs) များကလည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို ပေးအပ်နိုင်ခဲ့သည်။ အထူးသဖြင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်ရေးဆိုင်ရာသင်တန်းများကို ပို့ချပေးနိုင်ခဲ့သည်။

• စိန်ကြီး ပျိုးခင်း

စိန်ကြီးပျိုးခင်းသည် သဃ်န်ကျွန်းကျေးရွာအုပ်စုတစ်ခုလုံးကို ကိုယ်စားပြုသော ပျိုးခင်းဖြစ်သည်။ အဆိုပါကျေးရွာအုပ်စုတွင် စုစုပေါင်း လူဦးရေ (၃,၃၀၂) ဦးရှိပြီး ၎င်းတို့အနက် (၁၄,၁၉) ဦးမှာ ပျိုးခင်းမှ အကျိုးခံစားခွင့် ရရှိမည်ဖြစ်သည်။ အဆိုပါ (၁,၄၁၉) ဦးတွင် အမျိုးသမီးဦးရေ (၇၈၅) ဦး ပါဝင်သည်။

စိန်ကြီးပျိုးခင်းတွင် စိုက်ပျိုးရေးနည်းပညာများ မျှဝေခြင်း၊ လက်တွေ့စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို အားပေးမြှင့်တင်ခြင်း၊ သဘာဝမြေဩဇာကို ပြုလုပ်ခြင်းနှင့် လက်တွေ့အသုံးပြုခြင်းများကို လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်သည်။

ဒေသတွင်း အစားအစာဖူလုံရေး၊ မိရိုးဖလာစိုက်ပျိုးရေးမှ ခေတ်မီစိုက်ပျိုးရေးစနစ်သို့ ကူးပြောင်းနိုင်ရေး၊ အမျိုးသမီးနှင့်လူငယ်များ အလုပ်အကိုင်ရရှိရေးနှင့် ဒေသခံများ၏ ဝင်ငွေတိုးတက်မြင့်မားလာရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်သည်။

## (၅-စ) စိုက်ပျိုးရေး လေ့လာရေးခရီး

စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများကို အသိပညာပေးရုံမျှဖြင့် မလုံလောက်ဘဲ မျက်မြင်ကိုယ်တွေ့လေ့လာနိုင်ရန်လည်း အထူးပင်လိုအပ်ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်းဒေးရှင်းက ယုံကြည်သည်။

မိုင် (၆၀) စိုက်ပျိုးရေးခြံသည် သင်တန်းအတွက် လက်တွေ့လုပ်ဆောင်ရာတွင် ကောင်းမွန်သော်လည်း မြေနေရာကျယ်ပြန့်သော ခြံကြီးကား မဟုတ်ချေ။

ထို့ကြောင့် စီမံကိန်းဒေသ ကျေးရွာအုပ်စု (၆) အုပ်စုမှ ပြည်သူများအတွက် စိုက်ပျိုးရေးလေ့လာရေးခရီးကို စီစဉ်ပေးခဲ့သည်။ လေ့လာခရီး မစတင်မီ ၎င်းတို့လေ့လာရန် သင့်တော်သည့် စိုက်ပျိုးရေးခြံများကို ဦးစွာလေ့လာရသည်။ မွန်ပြည်နယ်တွင် မုဒုံ၊ ကျိုက်မရော၊ ပေါင်နှင့် ကျိုက်ထိုမြို့နယ်များတွင် သစ်သီးဝလံနှင့် ရာဘာစိုက်ပျိုးရေးခြံကြီးများ တည်ရှိသည်။

လေ့လာရေးခရီး သွားရောက်ရာတွင် ခရီးစဉ်တစ်ခေါက်တွင် ခြံစိုက်ပျိုးရေးသမား (သို့မဟုတ်) ခြံသမားဦးရေ (၂၅) ဦးမှ (၄၀) ဦးအထိ ပါဝင်သည်။ လေ့လာခရီးတွင် အစိုးရမှထူထောင်ထားသည့် သစ်သီးဝလံခြံများကိုသာမက ပုဂ္ဂလိကမှ ထူထောင်ထားသည့် စိုက်ပျိုးရေးခြံများကိုလည်း သွားရောက်လေ့လာခဲ့သည်။ ထိုသို့ သွားရောက်လေ့လာရာတွင် ခြံမန်နေဂျာများက သစ်သီးဝလံ စိုက်ပျိုးရေးလုပ်ငန်း အသေးစိတ်ကို ရှင်းပြသည်။ ပျိုးပင်စိုက်ပျိုးခြင်း၊ မျိုးစပ်ခြင်း၊ ကိုင်းဆက်ခြင်း၊ အပင်ပြုစုခြင်း၊ ဓာတ်မြေဩဇာကျွေးခြင်း၊ အသီးများပြုစုခြင်းတို့ကို လေ့လာခဲ့ရသည်။

> လေ့လာရေးခရီးသွားပြီးတော့ သူများစိုက်ပျိုးတာတွေလို ကိုယ့်အိမ်၊ ကိုယ့်ခြံ၊ ကိုယ့်ရွာမှာလည်း လုပ်တတ်လာတာပေါ့။ ဘာအပင်တွေ လေ့လာ,လာလည်းဆိုတော့ ကိုယ်စိတ် ဝင်စားတဲ့ အပင်တွေ လေ့လာခဲ့တာများတယ်။
>
> (နော်တင်တင်ဝါ၊ လိပ်ပုတ်(ခ)မင်းလှရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်)

လေ့လာခရီးသည် ခြံသမားများနှင့် ခြံစိုက်ပျိုးရေးသမားများအတွက် ဗဟုသုတနှင့် စိုက် ပျိုး နည်းပညာအမျိုးမျိုးရရှိသဖြင့် ၎င်းတို့၏ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းအတွက် အလွန်ပင် အသုံး ဝင်သည်။

လေ့လာရေးခရီးမှာ သင်ယူရရှိလာတာရှိတယ်။ စိုက်နည်းတွေ လုပ်ပုံလုပ်နည်းရယ်၊အဲဒါတွေ သိရှိလာတယ်။ ပျဉ်းကတိုးပင်၊ ကျွန်းပင်၊ တောပိတောက်တို့ မန်ကျန်ရှားတို့ သူတို့ရှင်းပြတယ်၊ လေ့လာ ရေးခရီးသွားပြီး ကိုယ့်မိသားစုတွေ ကိုယ့်ပတ်ဝန်းကျင်တွေကို ကိုယ်နားလည်သလောက်တော့ ပြောပြ တာရှိပါတယ်။ ဘယ်လိုပြောပြလည်းဆိုတော့ သစ်တွေကို ဖြစ်သလိုနည်းနှင့် မခုတ်လိုက်နဲ့ မပျက်စီး အောင်ပေါ့နော် ရှေ့လုပ်ငန်းစဉ်ကိုရွာသားတွေ နှင့်ပူးပေါင်းမယ်၊ အခုလည်းသစ်ပင်ပျိုးနေပါတယ်။ မန်ကျန်ရှားတို့ မဟောဂနီတို့ တောပိတောက်တို့ ကျွန်းတို့ပျိုးနေတယ်။

(မငြိမ်းချင်ကြူး၊ လိပ်ပွတ် (ခ) မင်းလုရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်။

## (၅-ဆ) တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ခြင်း

မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းအနေဖြင့် ဒေသထွက်ကုန်ပစ္စည်းများ အလေအလွင့် မဖြစ်စေရေး၊ ၎င်းကုန်ပစ္စည်းများကို အသုံးပြုပြီး တန်ဖိုးမြင့်ထုတ်ကုန်များ တစ်နိုင်တစ်ပိုင် ထုတ် လုပ်နိုင်ရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာရေးတို့ကို ရည်ရွယ်ပြီး "တန် ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း" များကို စီမံကိန်းဒေသအတွင်းရှိ ပြည်သူ လူထုများအား ပို့ချပေးခဲ့သည်။

သစ်သီးမျိုးစုံသင်တန်းကို တက်ဖို့စီစဉ်ထား တာက ကျွန်မဒီသင်တန်းကိုတက်ပြီးတော့ ပြန်ပြီး ထုတ်လုပ်နိုင်ဖို့ စဉ်းစားထားတယ်၊ မထုတ်လုပ်နိုင် ရင်တောင်မှ ကိုယ့်အိမ်မှာ တစ်ပိုင်တစ်နိုင်လုပ်ရ အောင်၊ ပြီးတော့ ကိုယ့်သားသမီးကို ဘေးကင်း ကင်းနဲ့ စားသောက်ရအောင်ပေါ့နော်၊ ကိုယ်အခြေ အနေအပေါ်မူတည်ပြီး ရောင်းကုန်ကိုလည်း ထုတ် ချင်ထုတ်မှာပေါ့နော်၊ မဆုံးဖြတ်ရသေးဘူး။ သင် တန်းမှာတော့ ယိုတွေကိုဘယ်လိုလုပ်ရတယ်ဆိုတာ ဆရာတွေက လာပြပေးတယ်။ ကိုယ်နားလည်သွား တယ်။ ပြီးတော့ သူများလုပ်ရင်လည်း ကိုယ် ပြန်ပြော ပြလို့ရတယ်။

မကေသီဦး၊ ဖားကြီးရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်၊ မွန်ပြည်နယ်)

အခဆိုပါသင်တန်းများ ပို့ချနိုင်ရန်အတွက် မွန်ပြည်နယ် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန၏ ပံ့ပိုးကူညီမှုကို ရရှိခဲ့သည်။

သစ်သီးယိုသင်တန်းတက်ဖို့ ဘာလို့ဆုံးဖြတ်တာလဲဆိုတော့ ကျွန်မရွာမှာ သစ်သီးအများဆုံး ထွက်တယ်လေ။ သံပုရာသီးတို့ နာနတ်သီးတို့ သရက်သီးတို့က တစ်ခါတလေကျတော့ ပုပ်ပြီးပျက်စီးသွားတယ်။ အဲလိုဆိုတော့ မပျက်စီးအောင် ယိုတွေလုပ်လို့ ရတာပေါ့။ အကျိုးရှိတာကတော့ နာနတ်သီးဆို ယိုလုပ်လို့ရတယ်။ နာနတ်ရည်လုပ်လို့ရတယ်။ သံပုရာသီးဆိုရင် ယိုလုပ်ရတယ်။ သဘော်သီးဆိုရင် ကျွန်မတို့ရွာမှာ သဘော်သီးသုပ်ကလွဲပြီး ဘာမှမလုပ်တတ်ဘူး။ တစ်ခါတလေကျရင် အိမ်မှာလုပ်စားဖို့ စိတ်ကူး ရှိတယ်။ တစ်ခါတလေကျတော့ ဘုန်းကြီးကျောင်းမှာ အလှူတွေ လုပ်ရင်လည်း ကျွန်မတို့တက်ခဲ့တဲ့သင်တန်းထဲမှာက သီးခြံ ပိုင်ရှင်တွေလည်းရှိတယ်၊ အဲလူတွေနဲ့ပဲ စုပေါင်းပြီးလုပ်နိုင် တာပေါ့။ ဒီဒေသကထွက်တဲ့ ယိုလုပ်လို့ရတဲ့သစ်သီးတွေက သရက်သီး၊ နာနတ်သီး၊ ပိန္နဲသီး၊ သံပုရာသီး၊ ရှောက်သီး ရှိတယ်။

(နော်လားလား၊ လိပ်ပုတ်(ခ)မင်းလုရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်၊ မွန်ပြည်နယ်)

သင်တန်းတစ်ခုစီတွင် သစ်သီးဖျော်ရည်မျိုးစုံ ပြုလုပ်နည်း၊ သစ်သီးယိုအမျိုးမျိုး ပြုလုပ်နည်း၊ မုန့်အမျိုးမျိုး ပြုလုပ်နည်း၊ ဂျယ်လီပြုလုပ်နည်းနှင့် သစ်သီးဝိုင်ပြုလုပ်နည်းတို့ကို (၅) ရက်တာမျှ သင်ကြားပို့ချပေးခဲ့သည်။

## (၅-ဧ) ကျေးရွာပိုင်သစ်တော ထိန်းသိမ်းခြင်း

၂၀၁၀ ခုနှစ်နောက်ပိုင်း မွန်ပြည်နယ်ဒေသအများအပြားတွင် သစ်တောများ ခုတ်ထွင်ပြီး ရာဘာပင် ဧကထောင်ချီ စိုက်ပျိုးခဲ့ခြင်းကြောင့် ဒေသခံပြည်သူလူထုများ ပိုင်ဆိုင်သည့်သစ်တောအများအပြား ပျက်စီးခဲ့ရသည်။ သို့ရာတွင် ရေးမြို့နယ်ရှိ ဒေသချို့နှင့် ရေဖြူမြို့နယ် တို့တွင်မူ ကျေးရွာအနီးတစ်ဝိုက်၌ သစ်တောများ ကျန်ရှိနေဆဲ ဖြစ်သည်။ စီမံကိန်း အကောင် အထည်ဖော်နေသည့် အချို့ကျေးရွာများတွင်လည်း သစ်တောများ ရှိဆဲဖြစ်သည်။

သဘာဝပတ်ဝန်းကျင် အထူးသဖြင့် ရေအရင်းအမြစ် ထိန်းသိမ်းရာတွင် ကျေးရွာပိုင် သစ်တောသည် အလွန်ပင်အရေးကြီးသည်။ ကျေးရွာအနီးတစ်ဝိုက် သစ်တောများအား ထိန်းသိမ်းခြင်းသည်မွန်၊ကရင်၊ထားဝယ်နှင့်အခြားသောတိုင်းရင်းသားများ၏မိရိုးဖလာမြေယာအသုံးချမှုတွင်

ပါဝင်ပြီး ဖြစ်သည်။ တိုင်းရင်းသားတို့၏ မိရိုးဖလာ ထုံးတမ်းအစဉ်အလာအရ ရွာအနီးတစ်ဝိုက်ရှိ သစ်တောများကို ထိန်းသိမ်းခြင်းအားဖြင့် ရွာသူရွာသားများ လိုအပ်သည့် သစ်ဝါးများကို ခုတ်ယူနိုင်ခြင်း၊ တောတောင်ထဲတွင် အလေ့ကျပေါက်နေသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝံလများကို ခူးဆွတ်နိုင်ခြင်း၊ လိုအပ်သော ဘယဆေးဝါးများကို ရယူနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည် ဖြစ်သည်။

သစ်တောကို ရွာသူရွာသားများက ၎င်းတို့လိုအပ်သလောက်သာ စနစ်တကျ ထုတ်ယူအသုံးပြုသည့်အတွက် သစ်တောပြုန်းတီးမှု ပျက်စီးမှုကား မရှိချေ။ သို့ရာတွင် ရာဘာစိုက်ပျိုးရေးလုပ်ငန်း ပေါ်ပေါက်လာသည့်အခါ ဒေသအတွင်း အသုံးပြုနေသည့် သစ်တောအများအပြား ဖျက်ဆီးခြင်း ခံခဲ့ရသည်။

သဘာဝလည်းဖြစ်တဲ့ တောတောင်တွေ ထိန်းသိမ်းတဲ့အတွက်ကြောင့် ရေအရင်းအမြစ်လည်း ရတယ်။ အလုပ်ရုံဆွေးနွေးပွဲတက်ပြီးတော့ ကျွန်တော်ပညာရတယ်။ လက်တွေ့သင်ကြား ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်တယ်။ အလုပ်ရုံဆွေးနွေးပွဲတက်ပြီးတော့ အကျိုးကျေးဇူး ရသွားတာက ကျွန်တော်တို့ ပလပ်စတစ် အသုံးနည်းသွားတယ်။ ဆွဲခြင်းတွေနဲ့ ဈေးဝယ်တယ်။ အလုပ်ရုံဆွေးနွေးတက်ပြီးနောက်ပိုင်း ကျွန်တော်တို့ (CF) ကို အရင်ကထက် ပိုပြီး စိတ်ဝင်စားတယ်။ ပိုမိုပြီးတော့ လုပ်ဖြစ်တယ်။



ရွာသားတွေက (CF) မှာ ပါဝင်မှုတွေ တိုးလာတယ်။ ပါဝင်လာကြတယ်။ တချို့က လူတွေအလုပ်မ အားမလပ်တဲ့ကြားကတောင် လိုအပ်ရင်ခေါ်ပါ ဆိုပြီး အဲလိုတွေဖြစ်လာတယ်။ ကျွန်တော်တို့ လုပ်တဲ့ပျိုးဥယျာဉ်၊ သစ်တောစိုက်ခင်းတွေကို တစ်ခြားရွာတွေက လာလေ့လာတယ်။ ကျွန်တော်လည်း တစ်ခြားရွာကိုသွားပြီးတော့ လေ့လာပါတယ်။ ကျွန်တော်တို့ရွာမှာ ဒီလိုအဖွဲ့ (၃-၄) ဖွဲ့ လာလေ့လာတာကို ကျွန်တော်ပီတိဖြစ်ပါတယ်။

နိုင်မောင်ကြမ်း၊ သာယာမွန်ကျေးရွာ၊ ရာဖူးကျေးရွာအုပ်စု၊
ကလိန်အောင်မြို့နယ်ခွဲ၊ ရေဖြူမြို့နယ်။

စီမံကိန်းဝန်ထမ်းများက ရေဖြူမြို့နယ်သို့ သွားရောက်ကွင်းဆင်းလေ့လာသည့်အခါ ရေဖြူမြို့နယ်တွင် သစ်တော ဝန်ကြီးဌာနနှင့် ဒေသတွင်း ကျေးရွာများ စုပေါင်းပြီး ကျေးရွာပိုင်သစ်တောများကို ထူထောင်ထားကြောင်း သိရသည်။ ထိုသို့သော ကျေးရွာပိုင်သစ်တော တစ်နည်းအားဖြင့် ဒေသခံအစုအဖွဲ့ပိုင်သစ်တောများ ကိစ္စကို လေ့လာကြည့်မည်ဆိုပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန လက်အောက်ရှိ သစ်တောဦးစီးဌာနက ညွှန်ကြားချက်ထုတ်ပြန်ပြီးနောက် သက်ဆိုင်ရာ ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများ စုစည်းကာ အစုအဖွဲ့ပိုင်သစ်တောအဖြစ် လျှောက်ထားသည်ကို သိရှိရသည်။

ဒေသခံပြည်သူများ၏ အစုအဖွဲ့ပိုင်သစ်တောလျှောက်ထားရခြင်း၏ ရည်ရွယ်ချက်များအား မေးမြန်းကြည့်သည့်အခါ ထိုအစုအဖွဲ့ပိုင်သစ်တောဖြစ်မြောက်ရေး ဦးဆောင်သူများက အောက်ပါအတိုင်း ပြောပြသည်။

(က) တောတောင်သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုသည့်ဆန္ဒကြောင့် ရွာသားများ ပူးပေါင်းလုပ်ဆောင်သွားရန်၊

(ခ) ဆုံးရှုံးသွားသည့် သစ်တောများအား ပြန်လည်အစားထိုး စိုက်ပျိုးရန်နှင့် သစ်တောပြုန်းတီးမှုတို့ကို ကာကွယ်သွားရန်၊

(ဂ) အစုအဖွဲ့ပိုင်သစ်တောတွင် ဟင်းသီးဟင်းရွက်အပါအဝင် အစားအစာများ ရရှိနိုင်ရန်နှင့် ရောဂါကုသရန်အတွက် ဘယဆေးများ ရှာဖွေသွားရန်၊

(ဃ) အစုအဖွဲ့ပိုင်သစ်တောအတွင်း သားရဲတိရိစ္ဆာန်များ ခိုလှုံနေထိုင်သွားနိုင်ရန်၊

(င) အစုအဖွဲ့ပိုင်သစ်တောအတွင်း သစ်မာပင်များဖြစ်သည့် ပျဉ်းကတိုး၊ တောင်ပိတောက်၊ ကျွန်းပင်နှင့် အခြားသစ်ပင်များအား အစားထိုးစိုက်ပျိုးသွားရန်၊

(စ) လိုအပ်သည့် သယံဇာတ (သစ်၊ ဝါး နှင့် အခြား) များကို သစ်တောမှ စနစ်တကျ ထုတ်ယူနိုင်ပြီး ကျေးရွာပိုင်သစ်တောများကို စနစ်တကျ စီမံခန့်ခွဲသွားရန် ဖြစ်သည်။

အစုအဖွဲ့သစ်တောများကို လျှောက်ထားရာတွင် အစုအဖွဲ့ပိုင်သစ်တောကော်မတီကို စနစ်တကျ ဖွဲ့စည်းရသည်။ အစုအဖွဲ့ပိုင်သစ်တောအဖွဲ့ဝင်အဖြစ် ရွာသူရွာသားများ လျှောက်ထား ရမည်ဖြစ်ပြီး ထိုအဖွဲ့ဝင်များထဲမှ ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူး များနှင့် ဘဏ္ဍာရေးမှူးများ ပါဝင်သည့်ကော်မတီတစ်ရပ်ကိုဖွဲ့စည်းကာ သစ်တောကို စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်ရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းနှင့် မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့တို့က ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စုတွင် စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်သည့်အခါ ထိုကျေးရွာအုပ်စုတွင် သာယာမွန်ရွာနှင့် မိုင် (၆၀) ရွာတို့ ပါဝင်သည်။

## • သာယာမွန် အစုအဖွဲ့ပိုင်သစ်တော

သာယာမွန်ကျေးရွာသည် ရေး-ထားဝယ်လမ်းမပေါ် တွင် တည်ရှိကာ အိမ်ထောင်စုပေါင်း (၁၃၀) ကျော်ရှိပြီး အစု အဖွဲ့ပိုင်သစ်တောကို လွန်ခဲ့သည့် (၂,၀၁၁) ခုနှစ်က လျှောက် ထားခဲ့သည်။ ဤအစုအဖွဲ့ပိုင်သစ်တောတွင် သစ်တောမြေ ဧကပေါင်း (၁,၀၅၂ ) ဧက ကို လျှောက်ထားခဲ့သည်။ ဤအစုအဖွဲ့ပိုင်သစ်တောတွင် ကွက်လပ်ဖြစ်နေသည့် သစ်တောမြေနေရာတွင် သစ်မာပင်များ ပြန်လည် အစားထိုးစိုက်ပျိုးရန်၊ စံပြသစ်တောစိုက်ခင်း ထူထောင်ရန်နှင့် သစ်ပင်နှင့်ဘယ ဆေးပင်များအား သုတေသနပြုစုရန်အတွက် စီမံကိန်းက ကူညီထောက်ပံ့မှု ပေးအပ်ခဲ့သည်။

ကျွန်တော်တို့ (CF) သုတေသနလုပ်ငန်းမှာတော့ အပင်အမျိုးအစားတွေက ဒီပျဉ်းကတိုး ပင်ပေါ့ခနော်၊ သစ်မျိုးစေ့တွေ ဝါးမျိုးစေ့တွေ သစ်ခွမျိုးစေ့၊ အင်းစက် (ပိုးကောင်)တွေ ဒီတောတောင် ဒေသမှာ ရှိနေတာကို သိပေမယ့်လည်း အခုကျွန်တော်တို့လက်တွေ့ကျကျ ပိုသိခဲ့ ရတယ်။ ပရဆေးနဲ့ ပတ်သက် ပြီးတော့လည်း ဖာလာတွေ ဝဥတွေ သဘာဝအတိုင်း ပေါက်နေတာလေးတွေ ရှိပါတယ်။ အကျိုးကျေးဇူးရှိတယ်။ ကျွန်တော်အမြင်ကတော့ အခုဆိုရင် သဘာဝဘေးအန္တရာယ်ကြောင့် မကြာခင်ကပဲ မြန်မာတစ်နိုင်ငံလုံးမှာ ရေတွေကြီးတယ်။ ကျွန်တော်တို့ဒေသက သေးသေး လေးပဲ၊ မထိန်းသိမ်းနိုင်ရင် ဒုက္ခရောက်မှာပေါ့၊ အကျိုးရှိတဲ့ အပင်တွေကို အသုံးမချ (မခုတ်) ပဲနဲ့ ကျွန်တော်တို့က ရေရှည်တည်တံ့အောင် ဆိုပြီးတော့ ထိန်းသိမ်းထားပါတယ်။ ရာသီဥတုတွေက အရင်က ထက် ကျွန်တော့်အတွက် ကောင်းပြုလာတာ တွေ့ရ တယ်။ ရွာသားတွေရဲ့ ပါဝင်မှုက ပိုပြီးများလာတယ်။ ဘာလို့လဲဆိုတော့ အရင်ကဆို ငါတို့မလုပ်လည်း ရပါတယ်။ (CF) အဖွဲ့တွေက လုပ်နေသားပဲဆိုပြီး တော့ အခုကလူငယ်တွေလည်း ပါဝင်လာတယ်။ သူတို့စိတ်ထဲမှာ သစ်ပင်တွေစိုက်ဖို့ အသိစိတ်ရှိလာ ကြတယ်။ ကျွန်တော်တို့ကို ထောက်ပံ့တဲ့ LIFT အဖွဲ့အစည်းက ကျွန်တော်တို့အတွက် ကောင်းကျိုး အများကြီးရှိပါတယ်။



နိုင်စိုးထွန်း (သဘာယာမှူး၊ ရာဖူးအုပ်စု၊ ကလိန်အောင်မြို့နယ်ခွဲ၊ ရေဖြူမြို့နယ်)

## • မိုင် (၆၀) အစုအဖွဲ့ပိုင်သစ်တော

မိုင် (၆၀) ကျေးရွာသည် ရေး - ထားဝယ် လမ်းမပေါ်တွင် တည်ရှိကာ အိမ်ထောင်စုပေါင်း (၂၂၇) ခန့်ရှိပြီး၊ အစုအဖွဲ့ပိုင်သစ်တောကို လွန်ခဲ့သည့် (၂၀၁၇) ခုနှစ်က လျှောက်ထားခဲ့သည်။ ဤအစုအဖွဲ့ပိုင်သစ်တောတွင် သစ်တောမြေဧက ပေါင်း (၆၇၀) ကေကို လျှောက်ထားခဲ့သည်။ ဤအစုအဖွဲ့ပိုင်သစ်တောတွင် ကွက်လပ်ဖြစ်နေသည့် သစ်တောမြေနေရာတွင် သစ်မာပင်များ ပြန်လည်အစားထိုးစိုက်ပျိုးရန်၊ စီမံကိန်းက ကူညီထောက်ပံ့ပေးခဲ့သည်။





ကျွန်မ ဒီအလုပ်ရုံဆွေးနွေးပွဲတက်ရောက်တဲ့အခါ အများကြီး ဗဟုသုတရပါတယ်။ ဒီရေမြေတွေက အရေးကြီးပါတယ်။ ရေမရှိရင်လည်း ကျွန်မတို့အတွက်က အဆင်မပြေဘူး။ သစ်ပင်တွေမရှိလည်း ကျွန်မတို့အတွက် အဆင်မပြေဘူး။ သစ်ပင်တွေထိန်းသိမ်းရတယ်။ သစ်ပင်စိုက်ရတယ်။ မြေမရှိရင်လည်း ကျွန်မတို့နေထိုင်ဖို့အဆက်မပြေဘူး၊ အားလုံးဟာ ကျွန်မတို့အတွက်အရမ်း အရေးကြီးပါတယ်။ အလုပ်ရုံဆွေးနွေးပွဲ တက်ပြီးတော့ ကျွန်မတို့ရွာမှာ (CF) အဖွဲ့အစည်းနှင့် ပေါင်းပြီး သစ်ပင်တွေစိုက်တယ်။ မျိုးစေ့တွေလည်းပျိုးဖြစ်တယ်။ ကျွန်မတို့ ဈေးသွားတဲ့အခါ ဝေးရင်ဆွဲခြင်းတွေကို ယူသွားတယ်။ နီးရင် လက်နဲ့ကိုင်လာတယ်။ ဆိုင်ရှင်ကပြောတယ်၊ အိတ်နဲ့ထည့်သွား။ ကျွန်မကတော့ ဟင့်အင်းရတယ်။ မယူတော့ဘူးဆိုပြီး ပြောပါတယ်။ သစ်ပင်တွေကစိုက်တဲ့နေရာမှာ အမျိုးသမီးတစ်ယောက်အနေနဲ့ ပိုင်းသယ်ပေးတယ်။ ပိုင်းစိုက်ပေးတယ်။

(မိကြည်မွန်၊ မိုင်(၆၀)ရွာ၊ ရာဖူးအုပ်စု၊
ကလိန်အောင်မြို့နယ်ခွဲ၊ ရေဖြူမြို့နယ်)

## • မင်းလှရွာ အစုအဖွဲ့ပိုင်သစ်တော

မင်းလှရွာသည် ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စုတွင် တည်ရှိသည်။ စီမံကိန်းအကောင်ထည်ဖော်သည့်ကာလတွင် မင်းလှရွာသူရွာသားများကို သာယာမွန်ကျေးရွာ အစုအဖွဲ့ပိုင်သစ်တောသို့လည်းကောင်း၊ ထားဝယ်မြို့နယ် ခမောင်းသွယ်ဒေသ လူထုအခြေပြု သဘာဝသစ်တောထိန်းသိမ်းသည့်ဒေသသို့လည်းကောင်း သွားရောက်လေ့လာစေခဲ့သည်။ ၎င်းနောက် မင်းလှရွာသူရွာသားများကိုစုစည်းပြီး အစုအဖွဲ့သစ်တောထူထောင်ရန် ကြိုးစားခဲ့သည်။ စီမံကိန်းအကူအညီဖြင့် ရေးမြို့နယ်သစ်တောဦးစီးဌာနတွင် သစ်တောမြေဧကပေါင်း (၁၀၀၀) ဧကကျော်အား အစုအဖွဲ့ပိုင်သစ်တောအဖြစ် အသိအမှတ်ပြုရန် လျှောက်ထားခဲ့သည်။

သဘာဝပတ်ဝန်းကျင်သင်တန်းတက်ပြီးတော့ (CF) ကော်မတီထဲမှာ ဝင်ဖြစ်ပါတယ်။ လူရော စိတ်ရော တက်တက်ကြွကြွ ပါဝင်တယ်။ တောင်ယာခုတ်တာတို့ ဂျွန်းကောက်တာတို့ ဒီသစ်ပင်မျိုးစေ့ပျိုးတာတို့ သစ်ပင် စိုက်တာတို့ကို ကိုယ်ကပိုင်းပြီး အကူအညီပေးတာပေါ့။ သဘာဝပတ်ဝန်းကျင် ကောင်းဖို့လိုလာတာပေါ့။ မိုးရွာရင် ဒီသစ်ပင်တွေ စိမ်းလန်းစိုပြေတယ်။ နေပူရင်လည်း လူတွေနားဖို့အတွက် အရိပ်တွေလိုအပ်တယ်ပေါ့။

(ဒေါ်ခင်လွှမ်းရီ၊ လိပ္ပုတ် (ခ) မင်းလှရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်)




## (၅-ဈ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း

ဤစီမံကိန်း၏ ရည်ရွယ်ချက်တစ်ခုတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်သွားရန်ဟု ပါရှိသည်။ ထို့ကြောင့်ဒေသ တွင်းမြေယာအခွင့်အရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးကိုပါ ထည့်သွင်းကာ ဒေသတွင်းရေ၊ မြေ၊ တောတောင်နှင့် မြစ်ချောင်း စိမ့်စမ်းများအား ကာကွယ်ထိန်းသိမ်းရန်နှင့် ရာသီဥတု အခြေအနေကို ကောင်းမွန်စွာထိန်းသိမ်းနိုင်ရန် စီစဉ်ဆောင်ရွက် ခဲ့သည်။

သဘာပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကိစ္စသည် အစုအဖွဲ့ပိုင်သစ်တော ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေအရင်းအမြစ် ထိန်းသိမ်းခြင်း၊ သားရဲတိရိစ္ဆာန်များအား ထိန်းသိမ်ခြင်းတို့နှင့်လည်း တိုက်ရိုက်သက်ဆိုင်လျက်ရှိသည်။ ထို့ကြောင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သင်တန်းနည်းပြလက်စွဲတစ်စောင်ပြုစုကာ ဒေသခံပြည်သူများအား  သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသင်တန်းကို အခါအားလျော်စွာ ပို့ချပေးခဲ့သည်။

ခမောင်းသွယ်ဒေသကို သွားတဲ့အခါကျတော့ သူတို့ဒေသက သဘာဝထိန်းသိမ်းရေး သစ်တောကြီးတွေကို တွေ့ခဲ့ရတယ်။ ပြီးတော့ မြောင်တူးခြင်းရဲ့ ဆိုးကျိုးတွေကို အဲ့ရွာမှာ ကျွန်မတွေ့ခဲ့ရတယ်။ ပြီးတော့ ငါးတွေကိုထိန်းသိမ်းထားတယ်။ လေ့လာရေးခရီးသွားပြီး ရွာမှာ လက်တွေ့အသုံးချဖြစ်တယ်။ လုပ်ငန်းတွေ တိုးချဲ့လုပ်နိုင်မယ်လို့ စိတ်ကူးထားတယ်။ ကျွန်မတို့ သစ်ပင်တွေစိုက်တယ်။ ပြီးတော့ ငါးထိန်းသိမ်းမှုဆိုတာလည်း ကျွန်မတို့ စုပေါင်းပြီးလုပ်တယ်။ အခုက ရွာကစုပေါင်းပြီး ငါးထိန်းသိမ်းရေး နေရာကို သတ်မှတ်တယ်။

(နော်ကေသီ၊ လိပ်ပုတ်(ခ)မင်းလှရွာ၊ ကျောင်းရွာအုပ်စု၊ ရေးမြို့နယ်)

ဒေသခံပြည်သူလူထုများက ဂေဟစနစ်ကို ကောင်းမွန်စွာ နားလည်ပြီး ၎င်းတို့အသက်ရှင်သန်ရေးအတွက် သဘာဝပတ်ဝန်းကျင်၊ ရေ၊ လေ၊ မြေ ကောင်းမွန်ရန် အထူးလိုအပ်သည်ကိုလည်း သဘောပေါက်စေသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးမည်ဆိုပါက ၎င်းတို့၏ ဘဝရပ်တည်မှုနှင့် သက်မွေးဝမ်းကျောင်းပါ ထိခိုက်နိုင်သည့် အခြေအနေကိုလည်း သင်တန်းသားများက သဘောပေါက်ပြီးဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်း တက်ရောက်ပြီးနောက် တက်ရောက်လာသူ သင်တန်းသားများကိုယ်တိုင် မိမိရပ်ရွာပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်လာကြသည်။ ကျေးရွာပြည်သူ လူထုများ၏ ဖြေကြားချက်အရ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်တန်းများမှ ရရှိလာသော အကျိုးကျေးဇူးများမှာ-

(က) ဒေသခံပြည်သူများမှ သစ်ပင်သစ်တောများကို ရေအရင်းအမြစ်ကို ကောင်းမွန်စွာ ထိန်းသိမ်းထားသည်ကို နားလည်သဘောပေါက်သောကြောင့် သစ်တောများ မပျက်စီးအောင်၊ အစုအဖွဲ့ပိုင်သစ်တောများ ပေါ်ပေါက်လာအောင် စတင်ဆောင်ရွက်လာသည်ကို တွေ့ရသည်။

(ခ) ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာအုပ်စု၊ မင်းလှကျေးရွာမှ ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင်သင်တန်းနှင့် ခမောင်းသွယ်ဒေသ လေ့လာရေးခရီးအပြီးတွင် ငါးအရင်းအမြစ်ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်လာသည်သည်။

(ဂ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသည် အစုအဖွဲ့ဖြင့် လုပ်ဆောင်ရသည့် ကိစ္စရပ်ဖြစ်သည့်အားလျော်စွာ အစုအဖွဲ့ပိုင်သစ်တော၊ တောင်သူအစုအဖွဲ့ စသည့် အဖွဲ့အစည်းများ ပေါ်ပေါက်လာကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အားတက်သရော ဆောင်ရွက်လာသည်ကို တွေ့ရသည်။

(ဃ) ရွာသားများ၏ ပြောဆိုချက်အရ သစ်တောနှင့် တောတောင်များအား ထိန်းသိမ်းထားခြင်းအားဖြင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းထားနိုင်ရုံသာမက ၎င်းတောတောင်များတွင် သားရဲတိရစ္ဆာန်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သည်။

## (၅-ည) ရေထိန်းတံခါး တည်ဆောက်ခြင်း

ရေးမြို့နယ် သဃ်န်ကျွန်းကျေးရွာအုပ်စု စိန်ကြီးကျေးရွာသည် မြစ်ချောင်းနားတွင် တည်ရှိပြီး ပင်လယ်ကမ်းစပ်နှင့်နီးသော ကျေးရွာတစ်ခု ဖြစ်သည်။ ရေတာတမံ မခိုင်ခန့်သဖြင့် အဆိုပါကျေးရွာရှိ လယ်သမား (၂၀) ဦးခန့်က ၎င်းတို့၏ လယ်ယာမြေ (၂၀၀) ဧကကျော်ကို စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း မရှိဘဲ စွန့်ပစ်ထားခဲ့ရသည်။ ဒေသခံ လယ်သမားများက အဆိုပါတာတမံကို ပြုပြင်ပြီး ရေထိန်းတံခါး တပ်ဆင်လိုသော်လည်းငွေကြေး တတ်နိုင်ခြင်းမရှိသဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းထံသို့ အကူအညီတောင်းခံခဲ့သည်။

ရေထိန်းတံခါးတပ်ဆင်ပြီး တာတမံခိုင်ခန့်သွားပါက စွန့်ပစ်လယ်ယာမြေများကို ပြန်လည်လုပ်ကိုင်မည်ဟု ဒေသခံလယ်သမားများက ကတိပြုခဲ့ကြသဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ထောက်ပံ့ကူညီရန် သဘောတူညီခဲ့သည်။ တာတမံကောင်းမွန်ခိုင်ခံ့သွားပါက လယ်မြေဧက (၁၅၁) ဧကကို ပြန်လည်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ဒေသခံအမျိုးသား (၃၂) ဦး၊ အမျိုးသမီး (၁၆) ဦးနှင့် ၎င်းတို့၏မိသားစုဝင်များ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။

ရေထိန်းတံခါးတည်ဆောက်ရန် ၂၀၁၉ ဇန်နဝါရီ (၂၁) တွင် စတင်လုပ်ဆောင်ခဲ့ပြီး ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် အုတ်မြစ်ချနိုင်ခဲ့သည်။ မတ်လ (၁၄) ရက်နေ့တွင်မှ ရေထိန်းတံခါး အပြီးသတ် တပ်ဆင်နိုင်ခဲ့သည်။



********************************

## အခန်း (၆)

### စီမံကိန်း၏ ရလာဒ်နှင့် သုံးသပ်ချက်များ

အချုပ်အားဖြင့်ဆိုရသော် LIFT မှ ထောက်ပံ့သည့် စီမံကိန်းလုပ်ငန်းကြောင့် ၂၀၁၇ ခုနှစ် နှစ်လယ်မှသည် ၂၀၁၈ ခုနှစ်အကုန်အထိ (၁) မြေယာအခွင့်အရေး (Land Rights) ဆိုင်ရာသင်တန်းများ ပို့ချခြင်း၊ (၂) မြေယာပိုင်ဆိုင်မှုလက်မှတ်များ လျှောက်ထားခြင်း၊ (၃) စိုက်ပျိုးရေးအသိပညာပေးသင်တန်းများ ပို့ချခြင်း၊ (၄) မိုင် (၆၀) စိုက်ပျိုးရေးခြံ (Agriculture Center) တည်ထောင်ခြင်း၊ (၅) စိုက်ပျိုးရေး လေ့လာရေးခရီးများ စီစဉ်ပေးခြင်း၊ (၆) တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ခြင်းသင်တန်းများ ပို့ချခြင်း၊ (၇) ကျေးရွာပိုင်သစ်တော ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် (၇) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို မြို့နယ် (၂) မြို့နယ်၊ ကျေးရွာအုပ်စု (၆) အုပ်စုတို့တွင် လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်။

မြေယာဥပဒေနှင့် မြေယာအခွင့်အရေးဆိုင်ရာ သင်တန်းများကို ကျောင်းရွာ၊ အာယုတောင်၊ သဃ်န်ကျွန်း၊ နစ်ကရင် ကျေးရွာအုပ်စုများတွင် (၉) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူ (၄၂၈) ဦးကို မြေယာနှင့်ပတ်သက်ပြီး အမြင်ဖွင့်ပေးနိုင်ခဲ့သည်။

ဒေသခံတောင်သူလယ်သမားများကို လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ်များ ရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အသိအမှတ်ပြု မြေယာလုပ်ကိုင်ခွင့်လက်မှတ်ရရှိသူ (၄၉၄) ဦး၊ မြေဧကအားဖြင့် (၅၄၉၈.၅၁) ဧက ရှိခဲ့ပြီး နိုင်ငံတော်အစိုးရအသိအမှတ်ပြု လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ (၇) ရရှိသူ (၅၄) ဦး၊ မြေဧကအားဖြင့် (၅၆၉.၆၉) ဧက ရှိခဲ့သည်။

စီမံကိန်းကာလအတွင်း ရေဖြူမြို့နယ် ရာဖူး၊ ရေးမြို့နယ်တွင် ကျောင်းရွာ၊ အာယုတောင်၊ သဃ်န်ကျွန်း၊ နစ်ကရင်၊ နင်းစုံ ကျေးရွာအုပ်စုများတွင် စိုက်ပျိုးရေးအသိပညာပေးသင်တန်း (၁၆) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူ (၆၅၅) ဦးကို စိုက်ပျိုးရေးဆိုင်ရာအသိပညာများ မျှဝေနိုင်ခဲ့သည်။

အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုရန်အတွက် မွန်ဒေသရပ်ရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ပူးပေါင်း၍ ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စုရှိ မိုင် (၆၀) ရွာတွင် စိုက်ပျိုးရေးခြံတစ်ခြံ ထူထောင်ခဲ့သည်။ မိုင် (၆၀) စိုက်ပျိုးရေးခြံတွင် စိုက်ပျိုးရေး လုပ်ငန်းအတွက် နှစ်တိုနှစ်ရှည်ပင်များ ပြန်လည်နေရာချခြင်း၊ စိုက်ပျိုးခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများ ပြန်လည်ပျိုးထောင်ခြင်း၊ ရေပိုက်လိုင်းနှင့် ရေရရှိရေးအတွက် ဆောင်ရွက်ခြင်း၊ သင်တန်းခန်းမ ပြန်လည်မွမ်းမံခြင်းများ ပြုလုပ်ခဲ့သည်။

ဒေသခံတောင်သူလယ်သမားများ၏ စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားလာရန်ရည်ရွယ်၍ စိုက်ပျိုးရေး လေ့လာရေးခရီး (၃) ကြိမ် စီစဉ်ပေးနိုင်ခဲ့ပြီး ကျောင်းရွာ၊ အာယုတောင်၊ သယံ်နက်ကျွန်း၊ နစ်ကရင် ကျေးရွာအုပ်စုများတွင်မှ ဒေသခံပြည်သူ (၉၆) ဦးကို လေ့လာရေးခရီး ပို့ဆောင်ပေးနိုင်ခဲ့သည်။

စီမံကိန်းကာလအတွင်း ကျောင်းရွာ၊ အာယုတောင်၊ သယံ်နက်ကျွန်း၊ နစ်ကရင် ကျေးရွာအုပ်စုများတွင်မှ တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်ခြင်းသင်တန်း (၂) ကြိမ် ပို့ချနိုင်ခဲ့ပြီး ဒေသခံပြည်သူ (၅၃) ဦးကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေနိုင်ခဲ့သည်။

ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စုတွင် သာယာမွန်ကျေးရွာနှင့် မိုင် (၆၀) ကျေးရွာတို့မှ ပြည်သူလူထုအစုအဖွဲ့ပိုင်သစ်တော (၂) ခုကို (၁၆) ဧကဖြင့် ဒေသတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို မြှင့်တင်ပေးနိုင်ခဲ့သည်။ ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာအုပ်စု၊ မင်းလှ (ခေါ်) လိပ္ပုတ်ကျေးရွာတွင် ပြည်သူလူထု အစုအဖွဲ့ပိုင်သစ်တောကို မြေဧကအားဖြင့် ဧက (၁,၀၀၀) ကျော် တည်ထောင်ပေးနိုင်ခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ဒေသခံပြည်သူလူထု အစုအဖွဲ့ပိုင်သစ်တော လုပ်ငန်းဖော်ဆောင် နေသော ရေဖြူမြို့နယ်၊ ရာဖူးကျေးရွာအုပ်စုတွင် မိုင် (၆၀) ကျေးရွာ၊ သာယာမွန်ကျေးရွာတို့နှင့် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကျောင်းရွာကျေးရွာအုပ်စုတွင် မင်းလှ ကျေးရွာတို့မှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲ (၄) ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဒေသခံပြည်သူ (၂၄၆) ဦးကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းနာများ ပြုလုပ်နိုင်ခဲ့သည်။ ၎င်းပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို အတုယူလေ့လာနိုင်ရန်အတွက် တနင်္သာရီ တိုင်း၊ ထားဝယ်မြို့နယ်၊ ခမောင်းသွယ်ဒေသနှင့် မွန်ပြည်နယ်၊ ဖာလိန်ဒေသ အံ့ဒင်ကျေးရွာတို့ကို ဒေသခံပြည်သူ (၂၃) ဦးတို့လည်း သွားရောက်လေ့လာနိုင်ခဲ့သည်။





## အကြံပြုချက်များ

ဤစီမံကိန်းကို ၂၀၁၇ နှစ်လယ်မှ ၂၀၁၉ နှစ်ဆန်းထိ အကောင်အထည်ဖော်ခဲ့ရာ စီမံကိန်း ကာလအတွင်း ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် သင်ခန်းစာများအပေါ်မူတည်၍ အောက်ပါ အတိုင်း အကြံပြုအပ်ပါသည်။

၁) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၏ လက်အောက်ရှိ စိုက်ပျိုးရေးဌာနနှင့် မြေယာစီမံခန့်ခွဲရေးကော်မတီ များအနေဖြင့် တိုင်းရင်းသားပြည်သူလူထုများ အတွက် လိုအပ်သော မြေယာမှတ်ပုံတင်လုပ်ငန်းကို အပြည့်အဝဆောင်ရွက်နိုင် ရန်အတွက် လိုအပ်သောဝန်ထမ်းများကို ခန့်အပ်ပေးရန်နှင့် ဆင်းရဲနွမ်းပါးသော တောင်သူလယ်သမားများအတွက် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းကို အခမဲ့ ဆောင်ရွက်ပေးရန်။

၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ရေးမြို့နယ်နှင့် ရေဖြူမြို့နယ် ကျေးရွာများအနီးတဝိုက်ရှိ ကျန်ရှိနေသေးသည့် သစ် တောများကို အစုအဖွဲ့ပိုင်သစ်တောအဖြစ် သတ်မှတ်ကာ ပြည်သူလူထုများက ထိုသစ်တောများကို စနစ်တကျအသုံးပြုနိုင်ရန် လိုအပ်သည့်နည်းပညာ အထောက်အကူနှင့် သစ်တောထိန်းသိမ်းရေး စည်းမျဉ်း စည်းကမ်းများကို ကူညီချ မှတ်ပံ့ပိုးပေးရန်။

၃) ဒေသခံပြည်သူများမှာ လူ့အခွင့်ရေးချိုးဖောက်မှုများကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ကျေးရွာများတွင်လည်း တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့သည်။ အဆိုပါဒေသတွင် ပြန်လည်ထူထောင် ရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အကူအညီ အထောက်အပံ့များစွာ လိုအပ်နေသည်။ မွန်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီ မြောက်ပိုင်းဒေသရှိ တိုင်းရင်းသားပြည်သူများမှာ အကူအညီများ လိုအပ်လျက်ရှိ သည့်အတွက် နိုင်ငံတကာအလှူရှင်များက ဒေသတွင်းအခြေစိုက်သည့် လူထု အခြေပြုအဖွဲ့အစည်း (CSOs)နှင့် ကျေးရွာအခြေပြုအဖွဲ့အစည်း (CBOs) များမှ တဆင့် အကူ အညီများ ဆက်လက်ပေးအပ်ရန်။

၄) မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းက စီမံကိန်းကို အကောင်အထည်ဖော်နေသည့် ဒေသများသည် ပဋိပက္ခဒဏ်ခံစားခဲ့ရသောဒေသများနှင့် နှိုင်းစာလျှင် အရွယ်အစ စားအားဖြင့် အလွန်ပင် သေးငယ်သောဒေသများ ဖြစ်သည်။ ထိုဒေသအများ

အပြားတွင် ရပ်ရွာများပြန်လည်ထူထောင်ရန်၊ အတိတ်က လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် ပြန်လည်ကုစားရန်၊ စိုက်ပျိုးရေး အပါအဝင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီ လုပ်ဆောင်ပေးရန်အတွက် အစိုးရဌာနဆိုင်ရာများ၊ နိုင်ငံတကာ အလှူရှင်များ၊ အစိုးရမဟုတ်သည့် ဒေသခံအဖွဲ့အစည်းများနှင့် လူထုအခြေပြု အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လုပ်ကိုင် သွားရန်။

******************************








# အခန်း (၈)

## နိဂုံးချုပ်

STAND UP Project သည် ပေးအပ်ထားသည့် အမည်နာမနှင့်အညီ ပဋိပက္ခကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဒဏ်ရာဒဏ်ချက်များကို ခံစားခဲ့ကြသည့် တိုင်းရင်းသားပြည်သူများအတွက် ဘဝပြန်လည်ထူထောင်ရေး၊ မြေယာလုံခြုံရေးနှင့် သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့တွင် အကူအညီပေးနေသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးစီမံကိန်း တစ်ခု ဖြစ်သည်။

အထူးသဖြင့် (၂၀၁၂) ခုနှစ် မတိုင်မီကာလက မွန်ပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီး၏ နေရာဒေသ အတော်များများတွင် ငြိမ်းချမ်းရေးကို အပြည့်အဝခံစားခွင့် မရရှိခဲ့ချေ။ တစ်ချိန်တည်းတွင် သမ္မတဦးသိန်းစိန်အစိုးရ အာဏာရရှိ လာပြီးနောက် (၂၀၁၂) ခုနှစ်တွင် မြေယာနှင့်ပတ်သက်သည့် ဥပဒေအများအပြားကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါမြေယာဥပဒေများသည် တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာ မိရိုးဖလာမြေအသုံးချမှုကို အခြေမခံဘဲ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အခြေခံထားသည့် ဗဟိုချုပ်ကိုင်မှုတင်းကြပ်သော မြေယာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးထားသည်။ အထူးသဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများက တိုင်းရင်းသားလူမျိုးစုများ၏ မြေယာပိုင်ဆိုင်မှုကို ခြိမ်းခြောက်နေသည်။

မွန်၊ ကရင်နှင့် အခြားသောတိုင်းရင်းသားအနေဖြင့် မြေယာစီမံခန့်ခွဲမှုကို မိရိုးဖလာအရသာ လုပ်ကိုင်လာခဲ့ကြသည့်အတွက် နိုင်ငံတော်အစိုးရက အသိအမှတ်ပြုသော စာရွက်စာတမ်း သက်သေ ခံအထောက်အထား မရှိကြချေ။ အုပ်ချုပ်မှုဒေသများကို ကြည့်မည်ဆိုပါက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အပြည့်အဝ ထိန်းချုပ်ထားသည့် ဒေသ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် အစိုးရတို့က ပူးတွဲထိန်းချုပ်ထားသည့် ဒေသနှင့်အစိုးရက အပြည့်အဝ ထိန်းချုပ်ထားသည့် ဒေသဟူ၍ သတ်မှတ်နိုင်သည်။ ပူးတွဲဒေသနှင့် အစိုးရ ထိန်းချုပ်ထား သည့်ဒေသရှိ ပြည်သူများတွင် မြေယာပိုင်ဆိုင်မှု သက်သေခံအထောက်အထား စာရွက်စာတမ်း မရှိသည့်အတွက် မိမိတို့စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေနှင့် ဥယျာဉ်ခြံမြေများဆုံးရှုံးမည်ကို အထူးပင် စိုးရိမ်နေကြသည်။

ထို့ကြောင့် ထိုဒေသများသို့ ရောက်ရှိသည့်အခါ STAND UP Project အဖွဲ့က ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုနှင့် မြေယာလုံခြုံရေးတို့အတွက် ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ တောင်းဆို ချက်များအပေါ်မူတည်ပြီး အစိုးရမြေယာစီမံခန့်ခွဲရေးကော်မတီက ထုတ်ပေးသည့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ကိုလည်းကောင်း၊ မွန်ပြည်သစ်ပါတီနှင့် ကရင်အမျိုးသားအစည်းအရုံးတို့၏ လယ်ယာမြေ သို့မဟုတ်

စိုက်ပျိုးရေးဌာနတို့က ထုတ် ပေးသည့် မြေယာပိုင်ဆိုင်မှုလက်မှတ်ကိုလည်းကောင်း ရရှိနိုင်စေရန် ဆောင်ရွက်ခဲ့သည်။

သို့ရာတွင် စီမံကိန်းဝန်ထမ်းများ၏ အတွေ့အကြုံအရ တိုင်းရင်းသားပြည်သူတို့၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (သို့မဟုတ်) လယ်ယာမြေပိုင်ဆိုင်မှုလက်မှတ်များ လျှောက်ထားရာတွင် အစိုးရမြေယာဌာနများထက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ဌာနများက စနစ်တကျနှင့် မြန်မြန်ဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိခဲ့ရသည်။

ဒေသခံပြည်သူလူထုများအနေဖြင့် ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး လုံခြုံပြီဟု ယုံကြည်ပြီးမှသာလျှင် ထိုမြေ ပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ချလက်ချ လုပ်ကိုင်နိုင်မည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စီမံကိန်းအကောင် အထည်ဖော်နေသည့်ဒေသများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်နေသည့်ဒေသများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး၊ ဥယျာဉ်ခြံ စိုက်ပျိုးရေးနှင့် ရာဘာစိုက်ပျိုးရေးလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်နေသည့် ဒေသများဖြစ်သည်။ အဆိုပါဒေသများသည် သဘာဝအရ မြေဩဇာကောင်းမွန်သည့် ဒေသများဖြစ်သည့်အတွက် ဥယျာဉ်ခြံလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဥယျာဉ်ခြံစိုက်ပျိုးရေးကိုဦးစားပေးသည့် စိုက်ပျိုးရေးဆိုင်ရာ အမြင်ဖွင့်သင်တန်းများနှင့် အရည်အသွေးမြှင့်ကုန်ထုတ်သင်တန်းများကို ဤစီမံကိန်းက ပံ့ပိုးပေးခဲ့ရာ ဒေသခံပြည်သူများအတွက် အထူးပင်အကျိုးရှိခဲ့သည်။ အရည်အသွေးမြင့် သစ်သီးဝလံထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် တောင်သူအစုအဖွဲ့ ဖွဲ့စည်းပေးနိုင်ခဲ့ခြင်းကလည်း ကောင်းမွန်သော ခြေလှမ်းတစ်ခု ဖြစ်ခဲ့သည်။

မြေယာဥပဒေများနှင့် အရင်းနှီးမြှုပ်နှံမှုဥပဒေများကြောင့် တိုင်းရင်းသားပြည်သူများသည် မိမိတို့လုပ်ကိုင်နေသည့် လယ်ယာမြေအတွက် စိုးရိမ်နေရရုံသာမက မိမိတို့ကျေးရွာပတ်ဝန်းကျင်ရှိ သစ်တောများ၊ ကမ်းရိုးတန်းများနှင့် ဒီရေတောများအတွက်လည်း အထူးပင်ပူပန်နေရသည်။ ၂၀၁၂ နောက်ပိုင်း မွန်နှင့်ကရင်ဒေသများတွင် ငြိမ်းချမ်းရေး ရရှိလာပြီဖြစ်သည့်အတွက် ပြင်ပမှ စီးပွားရေးလုပ်ငန်းရှင်များက ထိုဒေသများသို့ ဝင်ရောက်လာပြီး ရင်းနှီးမြှုပ်နှံခေါင်းစဉ်အောက်တွင် မြေယာနှင့်သံယံဇာတ များအား သိမ်းပိုက်နိုင်ရန် စတင်ကြိုးပမ်းလာခဲ့သည်။

ထိုအခြေအနေတွင် ဒေသခံများအနေဖြင့် မိမိတို့၏ ကျေးရွာပိုင်သစ်တော၊ ဒီရေတောနှင့် အခြားသံယံဇာတများကို ထိန်းသိမ်းကာကွယ်ရန် စိတ်ဆန္ဒပြင်းပြလာခဲ့ကြသည်။ ထို့ကြောင့် ဤစီမံကိန်းက ဒေသခံပြည်သူများအတွက် အစုအဖွဲ့ပိုင် သစ်တောများ ထူထောင်ရေးနှင့် ဒီရေတောများ ထိန်းသိမ်းရေးကို အထူးအားပေးကူညီဆောင်ရွက်ခဲ့သည်။

မွန်ပြည်နယ်တွင် ရာဘာစိုက်ပျိုးရေးလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်လျက်ရှိရာ တောတောင်များကိုခုတ်ထွင်ပြီး ရာဘာခြံများ ချဲ့ထွင်စိုက်ပျိုးလာသောကြောင့် အစုအဖွဲ့ပိုင်

သစ်တောများလည်း ဆုံးရှုံးခဲ့ရသည်။ ဤအခြေအနေတွင် ကျန်ရှိနေသေးသော အစုအဖွဲ့ပိုင်သစ်တောများကို ထိန်းသိမ်းသွားနိုင်ရန် ဒေသခံပြည်သူများကို ပံ့ပိုးကူညီခဲ့သည်။ သို့ရာတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင်မူ ကျေးရွာအနီးတစ်ဝိုက်တွင် သစ်တောများကျန်ရှိနေသေးသည့်အတွက် ကျေးရွာသူ/သားများက ကေထောင်ချီသော သစ်တောများကို အစုအဖွဲ့ပိုင်သစ်တောအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားခဲ့သည်။ ဤအစုအဖွဲ့ပိုင် သစ်တောများ ရေရှည်ရပ်တည်ရေးနှင့် သုတေသနလုပ်ငန်းများအတွက် စီမံကိန်းက ကူညီပံ့ပိုးပေးခဲ့သည်။

မြေယာစီမံခန့်ခွဲမှု၊ သစ်တောနှင့် ဒီရေတောများ ထိန်းသိမ်းမှုလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အရေးကြီးသည့်အားလျော်စွာ မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်တန်းများ၊ ဟောပြောပွဲများကိုလည်း ပြုလုပ်ပေးခဲ့သည်။ အဆိုပါသင်တန်းများ၊ ဟောပြောပွဲများတွင် ဂေဟစနစ်ဆက်သွယ်ဆက်စပ်မှုများကို အထူးတလည် ရှင်းပြပေးခဲ့သည်။ တောတောင်များကို ထိန်းသိမ်းခြင်းအားဖြင့် ရေခမ်းခြောက်မှုကိုကာကွယ်နိုင်ပြီး ရေအရင်းအမြစ်အလုံအလောက်ရရှိခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ကောင်းစွာ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဒေသခံပြည်သူများ ကောင်းမွန်စွာ နားလည်လာသည်နှင့်အမျှ အစုအဖွဲ့ပိုင်သစ်တောများ၊ အစုအဖွဲ့ပိုင်ဒီရေတောများကို အားတက်သရော ထူထောင်ထိန်းသိမ်းလာကြသည်။

အချုပ်အားဖြင့်ဆိုရလျှင် ယခုစီမံကိန်းလုပ်ငန်းသည် ဝေးလံခေါင်သီသော ကျေးရွာအုပ်စုများကို အဓိကဦးတည်ချက်ပစ်မှတ်ထားရှိသည့်အတွက် အလွန်အကျိုးများသည့် စီမံကိန်းတစ်ခုဖြစ်သည်။ စီမံကိန်းဝန်ထမ်းများကလည်းသတ်မှတ်ထားသည့်စီမံကိန်းဒေသဧရိယာတွင်အတိအကျလုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသည့်အတွက် ဒေသခံပြည်သူများနှင့် အကျွမ်းဝင်မှု ပိုမိုရရှိလာကာပြည်သူလူထု၏ လိုအပ်ချက်ကို ပိုမိုသိရှိလာသဖြင့် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အောင်မြင်မှု ပိုမိုရရှိလာခဲ့သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် ပဋိပက္ခဒဏ်ခံစားခဲ့ရသည့် ဝေးလံခေါင်သီသည့်ကျေးရွာများတွင် လူ့အခွင့်အရေးကိုအခြေခံသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

*****************************

# Brief Report on the STAND UP Project

## Implemented by Human Rights Foundation of Monland

## (HURFOM)

### Funded by The Livelihood and Food Security Trust Fund

PROTECTION AND REHABILITATION JOURNEY

# Brief Report on the STAND UP Project

## Implemented by Human Rights Foundation of Monland

### Funded by The Livelihood and Food Security Trust Fund

PROTECTION AND REHABILITATION JOURNEY

I. Background of HURFOM

The Human Rights Foundation of Monland (HURFOM) was founded in 1995 on the Thailand-Burma (Myanmar) border at a time when the former military regime, the State Law and Order Restoration Council (SLORC) was employing mass forced labor to complete construction of the 110-mile-long Ye-Tavoy railway. Hundreds of thousands of villagers were forced to perform manual labor, while the construction of the railway itself displaced thousands of villagers who fled to Thailand to escape human rights violations perpetrated by the military government. HURFOM came into existence at that time to document the ongoing human rights violations the SLORC was committing, and to disseminate the information they collected to the international community.

Since its inception, HURFOM has existed to document all gross human rights violations perpetrated in Mon State and Mon populated areas of southeastern Burma. Since 1995, HURFOM has documented violations related to the construction of the Yadana gas pipeline (1994-2000), land confiscations and land grabs by government armed forces, known locally as the tatmadaw, since 2000, and has documented civilians' suffering due to fighting and armed conflict. HURFOM has also focused on sexual violence against women and all manner of abuses toward children.

II. Human Rights Protection

In wake of Myanmar's democratic transition, HURFOM has remained committed to supporting and protecting civilians in southern Myanmar who have been the victims of human rights abuses for decades. Based upon HURFOM's human rights documentation, it was found that civilians in Ye Township, the southernmost township of Mon State, and Yebyu Township, the northernmost area of Tanintharyi (Tenassarim Division) have suffered grave human rights violations, causing many to flee from their traditional homeland. Many of the displaced now live in areas controlled by Ethnic Armed Organizations (EAOs), or have fled to Thailand.

In 2012, two prominent EAOs, the Karen National Union (KNU) and the New Mon State Party (NMSP) signed a State-level ceasefire agreement with the

U Thein Sein government and engaged in political dialogue. The situation in these once conflict-prone areas became one of relative peace, and some villagers have gradually been able to re-establish their communities by restoring and revitalizing agricultural lands and water sources. Some internally displaced persons (IDPs) have also been able to return to their homes.

HURFOM began working with these communities in 2013. At first, although villagers had returned to their communities, many were concerned about the overall security situation. Many were worried whether their families would be safe, if they would be allowed to remain on their land, whether livelihood opportunities were available, and if the new lives they hoped to build would be sustainable. In response to these many concerns, HURFOM's work with these communities has been informed by the concept of human rights-based protection and development. HURFOM has undertaken to work with those communities who endured the greatest suffering during the era of military rule and has provided resettlement assistance to displaced villagers who have returned to their communities.

Among the many resettlement and rehabilitation needs in these post-conflict communities, land is a paramount issue because both land and property have come under threat. Ethnic or indigenous rights, as they apply to these lands, have never been recognized by government. It is within this context that HURFOM has worked to help local farmers secure land tenure. HURFOM has been working on issues of land tenure since 2013.

## III. STAND UP Project

STAND UP stands for "Sustainable Transformation for Agriculture, Nutrition and Development in Uplands Project." The project was organized by The Border Consortium (TBC) and involved collaboration with Mon and Karen Civil Society Organizations (CSOs) and service providers. The focus of the project is to provide protection and rehabilitation assistance to displaced persons and communities in eastern Pegu (Bago) Division, Karen State, Mon State, and Tanintharyi (Tenassarim Division).

TBC and the ethnic CSOs' theory of change is that if:

1. a rights-based approach to natural resource management and agriculture is promoted;
2. water supply, sanitation and nutrition initiatives are integrated;
3. and local capacities to manage development are gender and protection sensitive; then food and livelihood security in communities emerging from conflict will be strengthened.

Based on this theory of change, TBC submitted a funding proposal to the Livelihoods and Food Security Fund (LIFT) who, in the end, provided the funding needed to implement the STAND UP Project. In cooperation with project partners, TBC was able to identify 40 village tracts spread across 10 townships where subsistence farmers are chronically impoverished, access to social services is limited, and where there is an influx of displaced communities attempting group resettlement. TBC anticipates di-

rectly benefitting up to 60,000 individuals across 300 villages within this target area through the STAND UP project.

By collaborating with TBC and other CSOs and service providers, HURFOM has taken on the responsibility of implementing a two-year project, commencing in June 2017, in six village tracts in Ye Township (Mon State) and Yebyu Township (Tenasserim Division).

Before the project was implemented, HURFOM conducted consultations to determine the needs of communities pertaining to protection and rehabilitation assistance. The villagers identified various types of needs ranging for urgent protection for their lands, their villages, and the natural resources upon which they rely. They wanted to recover their agriculture lands so they could produce more crops. Women indicated that they are in need of secure employment in order to generate a reliable income. The communities consulted expressed that their forests, streams, rivers, and mangroves are important for their livelihoods. For this reason, HURFOM undertook to ensure that their rights are protected so that these communities can return to prosperity.

IV. <u>Project Implementation</u>

HURFOM targeted 1 village tract in Yebyu Township, in Tanintharyi (Tenassarim Division), and 5 village tracts in Ye Township. During the first year of project implementation, HURFOM targeted 3 village tracts as agreed with LIFT and TBC. The targeted village tracks are:

1. Yabu (Rar Hpu) village tract (Ye byu Township)
2. Kyaung Ywa village tract (Ye Township – East)
3. Aryu Taung village tract (Ye Township – North)

During the first project year, from May 2017 to June 2018, nearly all planned activities were implemented in the above village tracts. Starting in July 2018, HURFOM moved to 3 new village tracts in order to implement the same planned activities. The village tracts are:

4. Thin Gan Kyun village tract (Ye Township – East)
5. Hnin Sone village tract (Ye Township – North)
6. Hint Kayin village tract (Ye Township – North)

During project implementation, HURFOM worked with the Mon Area Community Development Organization (MACDO), based in Ye, given its knowledge of the area and experience with various types of community development projects. In project targeted areas, the majority of ethnic people are Mon, but there are also Karen villages in all village tracts. HURFOM and MACDO worked closely with all communities regardless of their ethnicity, or religious and political beliefs.

Based on the theory of change adopted by TBC and partner CSOs, HURFOM and MACDO's joint efforts focused on the following activities.

<u>a. Land rights awareness</u>

Before HURFOM could proceed with project implementation, HURFOM

representatives met with community leaders and farmers in all project areas to better understand their perspectives on land ownership. Many farmers believed that they have secured their lands based on the customary land use practices, and they want to maintain ownership based on such traditions. However, they realize, or have learned, that customary land ownership mechanisms will not protect their lands from land confiscation. Generally, they understood that their lands are not secure, and that customary land ownership conflicts with government laws. Having gained this awareness of the local context, HURFOM collaborated with farmers, helping them to secure tenure over their lands.

b. Land rights and land laws training

HURFOM provided Land Rights and Land Laws trainings in all project areas. The trainings were provided in a specific village, and farmers from surrounding villages would come to partake and in the training sessions. Normally, HURFOM trainers would discuss with farmers traditional uses of farmland among ethnic communities in various parts of Burma. Trainers discussed the U Thein Sein government's 2012 Farmland Law. Trainers would also discuss the land laws and policies enforced by various EAOs, who largely developed their land policies based on customary land use practices. The focus of these trainings was to educate local communities and farmers on different land tenure mechanisms so they could better determine what type of land tenure they could claim to secure their lands.

c. Land registration

HURFOM and MACDO helped local farmers with land registration, depending on whether farmers wanted to register their lands according to the government's 2012 Land Law or a respective EAOs' land laws and policies. Farmers would decide how they wished to register their lands independently. Farmers living in government-administered areas, or close to a government Agriculture Office, would register their lands according to the 2012 Land Law. As for ethnic farmers, those living in mixed-administrative areas of the government and EAOs would register their lands with the respective EAOs' land department. HURFOM assisted many hundreds of families with land registration procedures to ensure that both their land and livelihoods were secured.

d. Agricultural Training

MACDO has considerable experience in providing agricultural training to local communities. The livelihoods of over 90% of the villagers in all targeted village tracts were agriculture-based. Both Ye and Yebyu Townships have rich soils, meaning that fruit plantations are the primary industry in these regions. Other than fruit plantations, farmers in Ye and Yebyu grow rice and tap rubber. In implementing this project, MACDO provided agriculture trainings, with a focus on natural fertilizers, organic farming, nursery gardening, and practical applied agricultural methods. Agricultural trainings are provided in all targeted village tracts.

e. Agricultural Center

HURFOM and MACDO established an Agriculture Learning Center in 60 Miles village, Yebyu Township. MACDO facilitated agriculture trainings at the center, and trainees were provided with fruit seedlings grown at the center as presents upon completion of every training course. The Agricultural Center also produced vegetables that were distributed to widows, the elderly, and persons with disabilities.

f. Community Forests

Many villagers wished to maintain forests in the surrounding areas of their communities. The communities are quite concerned that community forests are being confiscated by outsiders, the government, and armed groups. The government Forestry Department expressed interest in providing Community Forest Certificates to communities that had undertaken to maintain their forests. For example, Thayar Mon village and 60 Miles village in Yabu village tract both received Community Forest Certificates in recognition of their stewardship efforts. HURFOM assisted these communities with planting trees and herbs, and with conducting research on the natural environment. HURFOM also helped residents of Min Hla village in Kyaung-ywa village tract to apply for a Community Forest Certificate.

g. Environmental Preservation Training

Land, community forests, and livelihoods are interrelated, and thus environmental sustainability is of great importance. HURFOM believes that local communities need to be made aware of natural resource preservation. Communities need to preserve their natural resources for long term sustainability and food security. HURFOM Trainers discussed natural resource preservation with participants, and provided a space for participants to determine how they can best protect and preserve the environment in each project area.

V. Conclusion

The STAND UP Project operated by TBC and Mon and Karen CSOs is a much needed project for ethnic communities living in post-conflict zones. Formerly displaced persons and communities have benefitted from the resettlement and rehabilitation programs provided by STAND UP. Disadvantaged communities have gained more knowledge about all manner of agricultural matters from this project. However, this project covers only 6 village tracts in all of Ye and Yebyu townships due to limited resources. Therefore, and because of the remaining protection and development needs of communities not reached by this project, HURFOM calls for the STAND UP project to be extended.

# စီမံကိန်းမှ အကောင်အထည်ဖော်ထားသော မှတ်တမ်းပုံရိပ်များ




သာယာမွန် (CF)



ခမောင်းသွယ်ဒေသသို့ လေ့လာရေးခရီးစဉ်



သာယာမွန် (CF) သုတေသနလုပ်ငန်း



သဘာဝမြေဩဇာပြုလုပ်နည်း သင်တန်းပေးခြင်း



စိုက်ပျိုးရေး လေ့လာရေးခရီးထွက်ခြင်း




စိန်ကြီးပျိုးခင်း တည်ထောင်ခြင်း



ရေထိန်းတံခါး တည်ဆောက်ခြင်း



ဒေသထွက်ကုန် တန်ဖိုးမြှင့်သင်တန်းပေးခြင်း



မိုင် ၆၀ (CF)



လယ်ယာမြေအခွင့်အရေး သင်တန်းပေးခြင်း





